
# အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်

# National Earthquake Preparedness and Response Plan

















၂၀၁၉ ခုနှစ်

# အမျိုးသားအဆင့် လျှော့ချရေးအန္တရာယ်
# ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်

၂၀၁၉ ခုနှစ်

Funded by
European Union
Civil Protection and
Humanitarian Aid

Empowered lives.
Resilient nations.

# အမျိုးသားအဆင့် လျော့ချရေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် စီမံချက်ရေးဆွဲခြင်းအတွက် ညှိနှိုင်းဆောင်ရွက်မှုများ

| စဉ် | ရက်စွဲ | ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများ |
|---|---|---|
| ၁ | ၂၀၁၇ ခုနှစ် နိုဝင်ဘာလ | ပြင်းထန်သောလျော့လှုပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများတွင်ပါဝင်ရမည့် အကြောင်းအရာများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNDP တို့မှ ညှိနှိုင်းခဲ့ပါသည်။ |
| ၂ | ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ | (၂၀၁၇) ခုနှစ် ဒီဇင်ဘာလတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြုလုပ်ခဲ့သည့် ညှိနှိုင်းအစည်းအဝေးမှ အကြံပြုချက်များအား ဖြည့်စွက်၍ တုံ့ပြန်ရေးဆိုင်ရာ တာဝန်နှင့်ဝတ္တရားများ (မူကြမ်း)အား ရေးဆွဲခဲ့ပါသည်။ |
| ၃ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလ | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၏ အကြံပြုချက်များဖြင့် တုံ့ပြန်ရေးဆိုင်ရာတာဝန်နှင့်ဝတ္တရားများ (မူကြမ်း)အား ဖြည့်စွက်ပြင်ဆင်ခြင်း၊ လုပ်ငန်းကော်မတီများ၏ (၀-၂၄)နာရီအတွင်း၊ (၂၄-၄၈)နာရီအတွင်း၊ (၄၈-၇၂)နာရီအတွင်းနှင့် (၇၂)နာရီမှ (၇)ရက်အတွင်း ဆောင်ရွက်ရမည့်တာဝန်နှင့်ဝတ္တရားများအား ထပ်မံဖြည့်စွက်ခြင်း၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ထပ်မံဖြည့်စွက်ခြင်းများအား ပြုလုပ်ခဲ့ပါသည်။ |
| ၄ | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ | အမျိုးသားအဆင့် လျော့သက်သာနိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် လုပ်ငန်းကော်မတီအသီးသီး၏ တုံ့ပြန်ရေးဆိုင်ရာ တာဝန်နှင့်ဝတ္တရားများ (မူကြမ်း) အား စမ်းသပ်ခဲ့ပါသည်။ |
| ၅ | ၂၀၁၈ ခုနှစ် မေလ | အမျိုးသားအဆင့် လျော့ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်တွင်ပါဝင်မည့် အကြောင်းအရာများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် UNDP မှ တာဝန်ရှိသူများမှ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ |
| ၆ | ၂၀၁၈ ခုနှစ် ဇွန်လ | ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် UNDP မှ တာဝန်ရှိသူများတွေ့ဆုံ၍ စီမံချက်တွင်ပါဝင်မည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြ၍ လမ်းညွှန်မှုခံယူခဲ့ပါသည်။ |
| ၇ | ၂၀၁၈ ခုနှစ် ဇွန်လ | မြန်မာနိုင်ငံလျော့ကော်မတီနှင့် UNDP မှ တာဝန်ရှိသူများ တွေ့ဆုံ၍ စီမံချက်တွင်ပါဝင်မည့် လျော့ပညာရပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ဆွေးနွေး၍ အကြံပြုချက်များ ရယူခဲ့ပါသည်။ |
| ၈ | ၂၀၁၈ ခုနှစ် မေလ | စီမံချက်ရေးဆွဲရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင်ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားအဆင့်လုပ်ငန်းကော်မတီများမှ သက်ဆိုင်ရာဦးစီးဌာန အသီးသီးနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြပါသည်။ |

| စဉ် | ရက်စွဲ | ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများ |
|---|---|---|
| ၉ | ၂၀၁၈ ခုနှစ် မေလနှင့် ဇွန်လ | အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များအရ စီမံချက် (မူကြမ်း)အား ပြင်ဆင်ခဲ့ပါသည်။ |
| ၁၀ | ၂၀၁၈ ခုနှစ် ဇူလိုင်လ | စီမံချက် (မူကြမ်း)အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် UNDP မှ တာဝန်ရှိသူများမှ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ |
| ၁၁ | ၂၀၁၈ ခုနှစ် ဇူလိုင်လ | စီမံချက် (မူကြမ်း)အား ရန်ကုန်မြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် ဂျေပါ ဖိုရမ်တွင် တင်ပြခဲ့ပါသည်။ |
| ၁၂ | ၂၀၁၈ ခုနှစ် မေလမှ အောက်တိုဘာလအထိ | စီမံချက် (မူကြမ်း)အား နိုင်ငံတကာမှ သက်ဆိုင်ရာပညာရှင်များအား ပေးပို့၍ အကြံပြုချက်များ ရယူခဲ့ပါသည်။ |
| ၁၃ | ၂၀၁၈ ခုနှစ် ဇူလိုင်လ | စီမံချက် (မူကြမ်း)အား မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကွန်ရက်အဖွဲ့နှင့် တွေ့ဆုံ၍ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်ရမည့် အကြောင်းအရာများအား ညှိနှိုင်းဆွေးနွေး အကြံပြုချက်များ ရယူခဲ့ပါသည်။ |
| ၁၄ | ၂၀၁၈ခုနှစ် အောက်တိုဘာလ | စီမံချက်ရေးဆွဲရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသား အဆင့်လုပ်ငန်းကော်မတီများမှ သက်ဆိုင်ရာဦးစီးဌာန အသီးသီးနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြပါသည်။ |
| ၁၅ | ၂၀၁၈ ခုနှစ် နိုဝင်ဘာလ | အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များအရ စီမံချက် (မူကြမ်း)အား ပြင်ဆင်ပြီး နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနသို့ တင်ပြခဲ့ပါသည်။ |
| ၁၆ | ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ | စီမံချက်(မူကြမ်း)အား အမျိုးသားအဆင့် လုပ်ငန်းကော်မတီများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးများထံသို့ ပေးပို့၍ သဘောထား မှတ်ချက်များ တောင်းခံခဲ့ပါသည်။ |
| ၁၇ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလ | အမျိုးသားအဆင့် လုပ်ငန်းကော်မတီများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၏ သဘောထားမှတ်ချက် ပြန်ကြားမှုများဖြင့် စီမံချက် (မူကြမ်း) အား ပြင်ဆင်ခဲ့ပါသည်။ |
| ၁၈ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ | အဆိုပါ စီမံချက် (မူကြမ်း)အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ညှိနှိုင်း၍ လိုအပ်သည်များအား ထပ်မံဖြည့်စွက်ပြင်ဆင်ပြီးနောက် ညွှန်ကြား ရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနထံသို့ အတည်ပြုချက် ရယူရန်နှင့် စီမံချက်အား မိတ်ဆက်ရန်အတွက် တင်ပြခဲ့ပါသည်။ |

## အစီရင်ခံစာအကျဉ်းချုပ်

### ရည်ရွယ်ချက်

ငလျင်ဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်အောင် လျှော့ချရန်နှင့် ဖျက်ဆီးမှုစွမ်းအားကြီးမားသည့် ငလျင်ဖြစ်ပွားပြီးနောက်တွင် ငလျင်ဘေးဒဏ်ခံရသော ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါသည်။

### ရည်မှန်းချက်

ဤစီမံချက်သည် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအား အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများနှင့် ငလျင်လှုပ်ပြီးနောက် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာနများ၊ UN, INGO, NGO, CSO များနှင့် Private Sector များ၊ ရပ်ရွာလူထုများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်စသည့် အချက်အလက်များကို သိရှိလိုက်နာကျင့်သုံးစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤစီမံချက်အား လမ်းညွှန်အဖြစ် အခြေခံထား၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်များ ရေးဆွဲနိုင်ရန်လည်း ရည်ရွယ်ပါသည်။

ဤစီမံချက်တွင် အဓိကအနေဖြင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများဟူ၍ အပိုင်း(၂)ပိုင်း ပါဝင်ပါသည်။ ပထမအပိုင်းတွင် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးနှင့် ရပ်ရွာလူထုတို့မှ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ဆောင်ရွက်နိုင်မည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ဖော်ပြထားပါသည်။ ဒုတိယအပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်မည်ဆိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ အနေဖြင့် ငလျင်လှုပ်ပြီး နောက် (၂၄)နာရီအတွင်း၊ (၂၄)နာရီမှ (၄၈)နာရီအတွင်း၊ (၄၈)နာရီမှ (၇၂)နာရီ အတွင်းနှင့် (၇၂)နာရီမှ (၇)ရက်အတွင်း ဆောင်ရွက်ရမည့် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းတာဝန်များအား ဖော်ပြထားပါသည်။

ဤစီမံချက်တွင်ဖော်ပြထားသည့် လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ရရှိလာသော အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ် မူတည်၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် စီမံချက်အား လိုအပ်သလို ပြန်လည်လေ့လာသုံးသပ်ပြင်ဆင်မှုများအား ပြုလုပ်မည်ဖြစ်ပါသည်။ စီမံချက်နှင့်သက်ဆိုင်သည့် ပြင်ဆင်ချက်များအားလည်း သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ဖြန့်ဝေမည်ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ်
ဇယားနှင့်ရုပ်ပုံများစာရင်း
အတိုကောက် ဝေါဟာရများစာရင်း

၁။ နိဒါန်း ၁၃
၁.၁။ ငလျင် အန္တရာယ် ၁၄
၁.၂။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးဆိုင်ရာ အမျိုးသားအဆင့်မူဘောင်များ ၁၈
၁.၃။ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းချက် ၁၈
၁.၄။ စီမံချက်ရေးဆွဲရာတွင် အခြေခံထားသည့် ယူဆချက်များ ၁၉

၂။ အကောင်အထည်ဖော်ခြင်း ၂၁

၃။ ကြိုတင်ပြင်ဆင်ရေး ၂၂
၃.၁။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများ ၂၂
၃.၂။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း ၂၅
၃.၃။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် အရင်းအမြစ်များအား ဆန်းစစ်လေ့လာခြင်း ၃၁

၄။ တုံ့ပြန်ရေး ၃၂
၄.၁။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ ၃၂
၄.၂။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း ၃၂
၄.၃။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း ၃၅

၅။ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း ၃၆
၅.၁။ လိုအပ်သည့် သတင်းအချက်အလက်များ ၃၆
၅.၂။ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်း ၃၇

၆။ စီမံခန့်ခွဲမှု၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ ၃၈
၆.၁။ စီမံခန့်ခွဲမှု ၃၈
၆.၂။ အရင်းအမြစ်များ ၃၈
၆.၃။ ရန်ပုံငွေ ၃၉

၇။ ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းခြင်း ၄၂

နောက်ဆက်တွဲ (က) ၄၃
ပြင်းထန်သော ငလျင်ကြီးဖြစ်ပေါ်သည့်အခြေအနေတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
အောက်ရှိ လုပ်ငန်းကော်မတီအသီးသီးမှ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းတာဝန်များ။

နောက်ဆက်တွဲ (ခ) ၉၃
အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ

# ဇယားနှင့်ပုံများစာရင်း

## ဇယားများ


ဇယား (၁) လျှောင်ပြင်းထန်အား အဆင့်ခွဲခြားခြင်း ၁၃

ဇယား (၂) လျှောင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေပြဇယား ၁၄


## ပုံများ


ပုံ (၁) ပြင်းအားပမာဏ (၄)နှင့်အထက်ရှိသော လျှောင်များလှုပ်ခဲ့သည့် တည်နေရာပြမြေပုံ ၁၃

ပုံ (၂) မြန်မာနိုင်ငံ၏ လျှောင်ဇုန်များပြမြေပုံ (၂၀၁၂) ၁၅

# အတိုကောက်ဝေါဟာရများစာရင်း

| | |
|---|---|
| CERF | Central Emergency Response Fund<br>ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ |
| DRRWG | Disaster Risk Reduction Working Group<br>ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းအဖွဲ့ |
| HCT | Humanitarian Country Team<br>ကုလသမဂ္ဂဦးဆောင်သော လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့ |
| MPD-Network | Myanmar Private Sector Disaster Management Network<br>မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကွန်ယက် |

## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် ပထဝီဝင် အနေအထားအရ ငလျင်၊ မီးဘေး၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းနှင့် ဆူနာမီ အပါအဝင် များစွာသော ဘေးအန္တရာယ်များကို ကြုံတွေ့ရလျက် ရှိပါသည်။ (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုနှင့် ပြည်ထောင်စုနယ်မြေတို့ရှိ မြန်မာနိုင်ငံ၏ လူဦးရေမှာ (၅၁.၄) သန်း ဝန်းကျင်ခန့် ရှိပါသည်။[၁] သန်းခေါင်စာရင်းရလဒ်များအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ပေါင်း (၁၀,၈၇၇,၃၄၈) ရှိပြီး အိမ်ထောင်စု တစ်စုလျှင် ပျမ်းမျှ မိသားစုဝင် (၄.၄) ဦးရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြနေလူဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၂၉.၄) ရာခိုင်နှုန်း[၂] ရှိပြီး နှစ်စဉ် မြို့ပြသို့ပြောင်းရွှေ့နေထိုင်မှု တိုးတက်နှုန်းမှာ (၂.၉) ရာခိုင်နှုန်းရှိပါသည်။

ယေဘုယျအားဖြင့် မြို့ပြနှင့် ကျေးလက်ဒေသရှိ နေအိမ်များအား မြေကြီး၊ သစ်၊ အုတ် (သို့မဟုတ်) ကွန်ကရစ် အစရှိသည့် ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြု၍ တည်ဆောက်ထားပါသည်။ နိုင်ငံတစ်ဝန်းရှိ တစ်ထပ်မှ ဆယ်ထပ်အထိ အဆောက်အအုံများကို ကွန်ကရစ်၊ သစ်သားနှင့် အုတ်တို့ဖြင့် တည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် မြို့ပြနှင့် ကျေးလက်ဒေသရှိ လက်ရှိအခြေခံအဆောက်အအုံများတွင် ငလျင်ဆိုင်ရာ ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစား၍ တည်ဆောက်ထားမှုမှာ နည်းပါးလျှက်ရှိပါသည်။

လူဦးရေနှင့် အခြေခံအဆောက်အအုံများ ယနေ့ထက် များစွာနည်းပါးသည့် ကာလတွင်ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များအနက် ငလျင်ကြောင့် ဖြစ်ပွားသည့် ပျက်စီးမှုနှင့် လူ့အသက်များ ဆုံးရှုံးမှုမှာ အများဆုံးဖြစ်ကြောင်း မှတ်တမ်းများမှ ဖော်ပြလျက်ရှိပါသည်။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက် သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်း မရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေပါသည်။

ဘေးအန္တရာယ်ကြောင့် အခြေခံအဆောက်အအုံဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားပါက အဆိုပါ အကျိုးသက်ရောက်မှုကို ပြန်လည်ကုစားရန် ပုံမှန်အားဖြင့် နှစ်များစွာ (သို့မဟုတ်) ဆယ်စုနှစ်များစွာ ကြာမြင့်နိုင်ပါသည်။ လက်ရှိ လူဦးရေ တိုးတက်နှုန်း၊ အိမ်ရာအပါအဝင် အခြေခံအဆောက်အအုံများ၏ ဖွံ့ဖြိုးမှုနှုန်း လျင်မြန်စွာ တိုးတက်လာရန် လိုအပ်နေသည့် အချိန်တွင် အင်အား ရစ်ချ်တာစကေး (၇.၀) သို့မဟုတ် (၇) ထက်ပိုသည့် ငလျင်လှုပ်မည်ဆိုပါက လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ ပိုမိုဖြစ်ပွားနိုင်သည်ဟု မျှော်လင့်ရပါသည်။

နိုင်ငံ၏ မြို့ပြစီမံချက်ရေးဆွဲခြင်းစနစ်တွင် အခြေခံအဆောက်အအုံများ သိပ်သည်းဆကို မျှတစွာ ဖြန့်ကျက်စေခြင်းဖြင့် လူဦးရေသိပ်သည်းမှုနှုန်းထားနှင့် မြို့ပြဖြစ်ထွန်းရာ ဒေသများသို့ တဖြည်းဖြည်း ရွှေ့ပြောင်းလာခြင်းအား လျှော့ချပေးနိုင်မည် ဖြစ်ပါသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကဲ့သို့သော မူဘောင်များအပြင် မြန်မာနိုင်ငံ၏ လက်ရှိ ရေးဆွဲထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (၂၀၁၈)[၃] စသည်တို့သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့် အမျိုးမျိုးသောနည်းလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး၊ အကျိုးဆက်အနေဖြင့် နိုင်ငံသားတို့၏ လူနေမှုဘဝ သာယာဝပြောရေးကို ဖြစ်ထွန်းရရှိစေမည်ဖြစ်ပါသည်။ သို့ရာတွင် ဘေးအန္တရာယ်ကြောင့် ပြည်သူလူထုနှင့် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများထိခိုက်မှုကို ဖယ်ရှားရန် (သို့မဟုတ်) လျှော့ချရန်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ဆောင်ရွက်ထားခြင်းမရှိပါက ငလျင်အပါအဝင် အခြားသော ဘေးအန္တရာယ်များသည် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များကို အနှောင့်အယှက် ဖြစ်စေမည် ဖြစ်ပါသည်။

---

၁ Asian Development Outlook, 2017

၂ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၅ခုနှစ်၊ မေလ၊ ၂၀၁၄ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

၃ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈၊ ဩဂုတ်လ၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)

မြန်မာနိုင်ငံအနေဖြင့် ရေကြီးခြင်း၊ မုန်တိုင်းနှင့် မီးဘေး အစရှိသည့် အခြားသော ဘေးအန္တရာယ်များနှင့် နှိုင်းယှဉ်ပါက ပြင်းထန်သော ငလျင်လှုပ်သည့် အတွေ့အကြုံမှာ နည်းပါးသည့်အတွက်ကြောင့်လည်းကောင်း၊ ငလျင်များ၏ သဘော သဘာဝအရ မုန်တိုင်းနှင့် ရေကြီးခြင်းကဲ့သို့သော ကြိုတင်သတိပေးစနစ်များ မရှိသေးသည့်အတွက်ကြောင့် လည်းကောင်း၊ ပြင်းထန်သည့် ငလျင်လှုပ်မည်ဆိုပါက လူ့အသက်များ ဆုံးရှုံးမှုနှင့် ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးမှုတို့ကို လျှော့ချနိုင်ရန်အတွက် ဤစီမံချက်ကို ရေးဆွဲထားရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် ထိခိုက်ဆုံးရှုံးမှုအား လျော့နည်းစေရန်အတွက် ငလျင်ဘေးအန္တရာယ်အတွက် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားရန်လည်း မဖြစ်မနေ လိုအပ်ပါသည်။


ဤစီမံချက်သည် လူ့အသက်များ ထိခိုက်ဆုံးရှုံးမှုကို လျှော့ချရန် ရည်ရွယ်သည့်အပြင် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စေရေး အထောက်အကူပြုနိုင်ရန်နှင့် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးထားသည့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းမူဘောင်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ရေးဆွဲ ထားခြင်း ဖြစ်ပါသည်။

## ၁.၁။ ငလျင် အန္တရာယ်

မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းတစ်လျှောက်ရှိ လှုပ်ရှားနေသည့် တောင်-မြောက် မြေထုချပ်များ၏ ဆုံချက်နှင့် အရှေ့-အနောက်မြေထုချပ်များ၏ဆုံချက်တို့ အပြန်အလှန်ထိစပ်နေသော ငလျင်ကြောအရရှုပ်ထွေးသည့် နေရာတွင် တည်ရှိနေပါသည်။ ထို့ပြင် အင်ဒို-မြန်မာ တောင်တန်းများ၌လည်း အိန္ဒိယနှင့် ယူရေးရှား မြေလွှာချပ်ကြီးများ တွန်းတိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် လွှာတွန့်များကို တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်း၊  ကျောက်ကြမ်း၊ ဖာပွန်နှင့် ကဘော်စသည့် ပြတ်ရွေ့များနှင့်အတူ အရှေ့ဘက်ကုန်းမြင့်ဒေသတွင် အရှေ့-အနောက် တည်ရှိနေသည့် ပြတ်ရွေ့များလည်း ရှိပါသည်။ ယင်းတို့အနက် စစ်ကိုင်းပြတ်ရွေ့မှာ မြန်မာနိုင်ငံတွင် တောင်-မြောက်သွယ်တန်းလျက်ရှိသည့် သက်ရှင်ပြတ်ရွေ့တစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် ရန်ကုန်၊ မန္တလေး အစရှိသည့် မြို့ကြီးများစွာကို ဖြတ်သန်းတည်ရှိနေပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ပြင်းထန်သည့်ငလျင်များ လှုပ်ခတ်ခဲ့သည်ကို တွေ့ရှိရပြီး (၁၈၃၉) ခုနှစ်တွင် အင်းဝဒေသ၌ လှုပ်ခဲ့သော ပြင်းအားပမာဏ (၇.၅) အထက်ရှိသည့် ငလျင်ကြောင့်  လူ (၄၀၀)ခန့် သေဆုံးခဲ့ပြီး စေတီပုထိုးများစွာ ပျက်စီးခဲ့ပါသည်။ အခြားသေပျောက်မှု အများဆုံး ငလျင်မှာ (၁၉၃၀) ခုနှစ်တွင် လှုပ်ခဲ့သည့် ပြင်းအား ပမာဏ (၇.၃) အထက်ရှိသည့် ငလျင်ဖြစ်ပြီး စုစုပေါင်း လူဦးရေ (၅၅၀)ခန့် (ပဲခူးတွင် လူဦးရေ (၅၀၀) ဦး နှင့် ရန်ကုန်တွင် လူဦးရေ (၅၀) ဦး) သေဆုံးခဲ့ကာ နေအိမ်များနှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ မကြာသေးမီ (၂၀၁၁) ခုနှစ်၌ ရှမ်းပြည်နယ်အား ဗဟိုပြုလှုပ်ခဲ့သော ပြင်းအားပမာဏ (၆.၈) ရှိသည့် ငလျင်ကြောင့်လည်း စုစုပေါင်း လူ (၈၀) ဦးခန့် သေဆုံးခဲ့ပါသည်။ (၂၀၁၂) ခုနှစ်တွင် မန္တလေးမြို့၏မြောက်ဘက် ကီလိုမီတာ (၁၀၀) ခန့် အကွာ၌ လှုပ်ခဲ့သည့် ပြင်းအားပမာဏ (၆.၈) ရှိသည့် သပိတ်ကျင်းငလျင်ကြောင့် လူ (၂၆) ဦး သေဆုံးခဲ့ပြီး နေအိမ်များနှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ များမကြာသေးမီ (၂၀၁၆) ခုနှစ် ဧပြီလတွင် စစ်ကိုင်းတိုင်း၊ ကလေးဝမြို့အနီးတွင် အင်အားပမာဏ (၆.၈)ဖြင့် လှုပ်ခတ်ခဲ့ပြီး ယင်းနှစ် (၂၀၁၆) ခုနှစ် ဩဂုတ်လ အတွင်း အလားတူ ပြင်းအားပမာဏ (၆.၈) ရှိသည့် ငလျင်တစ်ခု မကွေးတိုင်း၊ ချောက်မြို့နယ်အနီး လှုပ်ခဲ့သည့်အတွက် ယင်းမြို့အနီးရှိ ရှေးဟောင်းပုဂံမြို့တော်ရှိ ဘုရားစေတီများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မှတ်တမ်းများအရ (၂၀၁၈) ခုနှစ် နှစ်ဦးပိုင်းတွင်လည်း ငလျင်များ ဆက်တိုက်လှုပ်ခတ်မှုကို ကြုံတွေ့ခဲ့ရပြီး၊ ယခင်နှစ်ထက် လှုပ်ခတ်မှု အကြိမ်အရေအတွက် ပိုမိုများပြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပြတ်ရွေ့များနှင့် ယခင်လှုပ်ခဲ့သည့် ပြင်းအား ပမာဏ (၄) နှင့်အထက်ရှိသော ငလျင်များ၏ ဗဟိုချက်များအား အောက်ဖော်ပြပါ **ပုံ(၁)** တွင် ဖော်ပြထားပါသည်။




ပုံ - ၁။ ပြင်းအား ပမာဏ ၄ နှင့်အထက်ရှိသော ငလျင်များလှုပ်ခဲ့သည့် တည်နေရာပြမြေပုံ
(မြန်မာနိုင်ငံငလျင်ကော်မတီ ၂၀၁၈ခုနှစ်)

ငလျင်၏ပြင်းအားပမာဏကို ကိန်းဂဏန်းတစ်ခု သတ်မှတ်လျက် **ရစ်ချ်တာစကေး** ဖော်ပြသည်။ သို့ရာတွင် ပြင်းအားမှာ ငလျင်ဒဏ်ခံရသည့် ဒေသအလိုက် ကွာခြားမှုရှိမည်ဖြစ်ပြီး၊ ငလျင်၏ ဗဟိုချက် (ငလျင်စတင်ရာနေရာ) နှင့်နီးပါက ပြင်းအားများမည်ဖြစ်ပြီး၊ ဗဟိုချက်နှင့်ဝေးပါက ပြင်းအားတန်ဖိုး နည်းမည်ဖြစ်သည်။ ငလျင်ကြောင့် ပျက်စီးထိခိုက်မှု အဆင့်ပေါ်အခြေခံ၍ ငလျင်၏ပြင်းထန်အားကို မာကယ်လီစကေးအသစ် (Modified Mercalli Intensity) ဖြင့် ဖော်ပြသည်။ မာကယ်လီစကေးအသစ်အား ငလျင်လှုပ်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ထိခိုက်ပျက်စီးမှုနှင့် ယှဉ်တွဲ၍ အောက်ပါ **ဇယား(၁)** တွင် ဖော်ပြထားပါသည်။

**ဇယား (၁) ငလျင်ပြင်းထန်အား အဆင့်ခွဲခြားခြင်း**


| မာကယ်လီစကေး | I | II | III | IV | V | VI | VII | VIII | IX | X | XI | XII |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ထိခိုက်ပျက်စီးမှု ခန့်မှန်းချက် | မရှိ | မရှိ | မရှိ | မရှိ | အလွန်နည်း | အနည်းငယ် | အတန်အသင့် | အတန်အသင့်/ များပြား | များပြား | အလွန်များပြား | အကြီးအကျယ်ပျက်စီး | လုံးဝပျက်စီး |
| လှုပ်ခတ်မှုအတိုင်းအတာ | မခံစားရ | အားပျော့ | အားပျော့ | အနည်းငယ် | အတန်အသင့် | ပြင်းထန် | အလွန်ပြင်းထန် | ဆိုးရွားစွာပြင်းထန် | ကြမ်းတမ်း | ပြင်းထန်မှုလွန်ကဲ | ပြင်းထန်မှုလွန်ကဲ | ပြင်းထန်မှုလွန်ကဲ |

ငလျင်ပမာဏ ရစ်ချ်တာစကေးနှင့် အဆိုပါငလျင်များကြောင့် အဆောက်အအုံနှင့် လူများအပေါ် သက်ရောက်မှု ရှိနိုင်ခြေများအား **ဇယား(၂)** ငလျင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေပြဇယားတွင် ဖော်ပြထားပါသည်။ သို့ရာတွင် အဆိုပါ သက်ရောက်မှုရှိနိုင်ခြေများမှာ ငလျင်ဗဟိုချက် အတိမ်အနက်၊ ငလျင်ဗဟိုချက်နှင့် မြို့များအကွာအဝေး၊ လူနေထူထပ်မှုနှင့် အဆောက်အအုံအမျိုးအစား စသည့်အချက်များပေါ်တွင်လည်း မူတည်ပါသည်။

**ဇယား(၂) ငလျင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေပြဇယား**

| ငလျင်ပမာဏ ရစ်ချ်တာစကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အောက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် မပြောပလောက်သော ပျက်စီးမှုတွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသောပျက်စီးမှုတွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင် ဆိုးရွားသောပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီးပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

အတိတ်ငလျင်မှတ်တမ်းများနှင့် အချို့ငလျင်များ၏ မြေပြင်ငလျင်လှိုင်းသွား အမြင့်ဆုံးအရှိန် (Peak Ground Acceleration – PGA) တန်ဖိုးများနှင့် ညီမျှသော မာကယ်လီစကေးတန်ဖိုးများပေါ် မူတည်၍ မြန်မာနိုင်ငံရှိ မြို့များအား အားနည်းဇုန်၊ အားလတ်ဇုန်၊ အားပြင်းဇုန်၊ ပြင်းထန်ဇုန်နှင့် ပျက်စီးမှုများဇုန်ဟူ၍ ခွဲခြားထားပါသည်။ မြန်မာနိုင်ငံအတွက် အပြင်းထန်ဆုံး ငလျင်ဒဏ်ခံရနိုင်သည်ဟု သတ်မှတ်ထားသောဒေသအား ဇုန်(၅) ပျက်စီးမှုများဇုန်ဟု သတ်မှတ်ပြီး မာကယ်လီစကေးအသစ်အရ အတန်း (၉)နှင့် ညီပါသည်။ လူဦးရေထူထပ်သော မြို့တော်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် နေပြည်တော်မြို့များသည် ဇုန် (၂) အားလတ်ဇုန်နှင့် ဇုန် (၃) အားပြင်းဇုန်တို့တွင် ကျရောက်နေသောကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည်နှင့်အမျှ ငလျင်ဘေးကြောင့် ဆုံးရှုံးနိုင်ခြေများလည်း မြင့်မားလျက်ရှိပါသည်။ အဆိုပါငလျင်ဇုန်များအား အောက်ဖော်ပြပါ **ပုံ (၂)** မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ (၂၀၁၂)တွင် ဖော်ပြထားပါသည်။




Probabilistic Seismic Hazard Assessment Map (PSHA Map) of Myanmar showing expected peak ground acceleration (PGA) values with 100% probability in 500 years. (Note: 0.21 - 0.3 g zone in the northern part of Shan State is taken from the Seismic Zone Map of Myanmar by Dr. Maung Thein et al., 2005)

ပုံ - ၂။ မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ (၂၀၁၂) (မြန်မာနိုင်ငံငလျင်ကော်မတီ)

## ၁.၂။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် မူဘောင်များ

ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်တင်ခြင်းလုပ်ငန်းများသည် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်တင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ဥပဒေ၊ အဖွဲ့အစည်းနှင့် မူဝါဒဆိုင်ရာ မူဘောင်များ တိုးတက်ကောင်းမွန်လာစေရန် အလေးထားဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရမှ အောင်မြင်စွာဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ (၂၀၁၅) ရေးဆွဲပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဆောက်လုပ်ရေးစံနှုန်းများ (၂၀၁၆)၊ မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသား အဆင့်မူဘောင် (၂၀၁၆)၊ မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက် (၂၀၁၇)တို့ ပါဝင်ပါသည်။

ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်သည် ထိရောက်သည့် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ကနဦးလုပ်ဆောင်မှုများအတွက် နည်းလမ်းဖော်ထုတ်ပေးပြီး၊ နိုင်ငံအတွင်းတွင် နောင်ဖြစ်လာနိုင်သည့် မည်သည့်ငလျင်ဘေးအန္တရာယ်ကိုမဆို တုံ့ပြန်ရန်အတွက် လမ်းညွှန်မှုပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ စီမံချက် လက်တွေ့ အသုံးချနိုင်ရေးမှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအပြင် စီမံချက်၏ ရည်ရွယ်ချက်များ အကောင်အထည် ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အကူအညီများ လိုအပ်ပါသည်။

## ၁.၃။ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းချက်

### ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ အချို့သော အဓိကမြို့ကြီးများ (ဉပမာ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်) နှင့် ၎င်းတို့ဝန်းကျင်ရှိ ခရိုင်နှင့်မြို့နယ်များမှာ သက်ရှင်ပြတ်ရွေ့များ အပေါ်တွင် (သို့မဟုတ်) ၎င်းတို့နှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် အင်အားပြင်း ငလျင်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများစွာ ရှိပါသည်။ ယင်းအချက်အား (၁၉၁၂)ခုနှစ်၊ (၂၀၁၁)ခုနှစ်နှင့် (၂၀၁၆) ခုနှစ်တို့တွင် လှုပ်ခဲ့သည့် ပြင်းထန်သော ငလျင်ကြီးများက သက်သေခံ လျက်ရှိပါသည်။ ငလျင်ကြီးများသည် ဒေသနှင့်ချီသည့် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး၊ နေအိမ် ထောင်ပေါင်းများစွာကို ပျက်စီးစေခြင်း (သို့မဟုတ်) ဆုံးရှုံးစေခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံဝန်ဆောင်မှုစနစ်များကို ပြတ်တောက်စေခြင်းနှင့် လူထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခြင်း (သို့မဟုတ်) သေဆုံးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါသောကြောင့် အဆိုပါ ဆုံးရှုံးမှုများအားလျှော့ချရန်အတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် အင်အားပြင်းငလျင်တစ်ခု ဖြစ်ပေါ်ပါက တုံ့ပြန်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ရမည့် နည်းလမ်းများအား ဖော်ပြထားခြင်း ဖြစ်ပါသည်။

**စီမံချက်၏ ရည်ရွယ်ချက်များမှာ-**

(က) ပြင်းထန်သော ငလျင်မလှုပ်မီ၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးသည့် အချိန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်နိုင်ရန်။

(ခ) ပြင်းထန်သော ငလျင်လှုပ်ပါက လူ့အသက်များဆုံးရှုံးခြင်းနှင့် ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးခြင်းအား အနည်းဆုံး ဖြစ်စေရန်။

## ရည်မှန်းချက်

ဤစီမံချက်သည် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအား အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများနှင့်ငလျင်လှုပ်ပြီးနောက်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအားသက်ဆိုင်ရာဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်စသည့် အချက်အလက်များကို သိရှိလိုက်နာကျင့်သုံးစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤစီမံချက်အား လမ်းညွှန်အဖြစ် အခြေခံထား၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ စီမံချက်များရေးဆွဲနိုင်ရန်လည်း ရည်ရွယ်ပါသည်။

## မျှော်မှန်းချက်

ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရန်၊ လူ့အသက် ဆုံးရှုံးမှုများ လျော့ချရန်နှင့်ပျက်စီးဆုံးရှုံးမှုကြီးမားသည့်ငလျင်ဖြစ်ပွားပြီးနောက်တွင်ထိခိုက်ခံစားရမှုများအားမူလအခြေအနေသို့ပြန်လည်ရောက်ရှိစေရန်အတွက် အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားနိုင်ရန်။

## ၁.၄။ စီမံချက်ရေးဆွဲရာတွင် အခြေခံထားသည့် ယူဆချက်များ

ပြင်းထန်သောငလျင် ဖြစ်ပွားပါက သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အား စသည့် အခြေခံဝန်ဆောင်မှုများနှင့် ငွေဝန်ဆောင်မှုများပေးနေသည့် အဆောက်အအုံများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခြင်းနှင့် လူ့အသက်ဆုံးရှုံးခြင်းများကြောင့် နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြီးမားစွာထိခိုက်စေမည်ဟု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်တွင် ထည့်သွင်းယူဆထားပါသည်။ ဆက်သွယ်ရေးစနစ်များကိုလည်း ဆိုးရွားစွာထိခိုက်စေနိုင်ပြီး ပြည်သူလူထုအနေဖြင့် ထောက်ပံ့ကူညီမှုများကို ချက်ချင်း လိုအပ်လာမည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်များအား နိုင်ငံတော်အစိုးရအနေဖြင့် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်စွမ်းရှိသော်လည်း ပြင်ပ အကူအညီများလည်း ထပ်မံလိုအပ်မည်ဖြစ်ပြီး နိုင်ငံအတွင်းနှင့် ဒေသအတွင်းရှိ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက်လည်း ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများ၏ အကူအညီကိုလည်း ရယူရမည် ဖြစ်ပါသည်။ ငလျင်ဘေးဒဏ်ကို ထိရောက်စွာတုံ့ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ငလျင်မဖြစ်ပွားမီအချိန်မှ စတင်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပါဝင်ကူညီဆောင်ရွက်ခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။

ဤစီမံချက်တွင် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများအား ဖော်ပြထားသည့်အပြင် ဖျက်ဆီးမှုစွမ်းအားမြင့်မားသော မည့်သည့်ငလျင်ကိုမဆို ထိရောက်စွာ တုံ့ပြန်နိုင်မည့် နည်းလမ်းအား ထည့်သွင်းစဉ်းစားထားပါသည်။ အဓိက ဆောင်ရွက်ရမည့် ဒေသများမှာ မြန်မာနိုင်ငံ၏ ငလျင်ဇုန်တစ်လျှောက်တွင်တည်ရှိနေသော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်အား အောက်ပါလိုအပ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲခဲ့ပါသည်။

(က) ငလျင်ဘေးအန္တရာယ်၏ အကျိုးဆက်သက်ရောက်မှုများကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရပ်တန့်သွားစေနိုင်ခြင်း။

(ခ) စီမံချက်ရေးဆွဲသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသောဒေသများ၊ အလယ်အလတ်အဆင့်ရှိသောဒေသများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနည်းပါးသောဒေသများ၏ အနေအထားကို နားလည်ရန် လိုအပ်နေခြင်း။

(ဂ) တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမှုကြောင့် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာမှုများသည် နေရာဒေသတစ်ခု၏ အနေအထားအရ လက်ခံနိုင်စွမ်းနှင့် အခြေခံဝန်ဆောင်မှုစနစ်များအပေါ် အကျိုးသက်ရောက်မှုများ ရှိစေခြင်း။

(ဃ) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ငလျင်ဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ထားမှုမှာ အားနည်းနေခြင်း။

(င) ရပ်ရွာလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ သိရှိမှုအားနည်းနေခြင်း။

(စ) အဆောက်အအုံများ၏ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းတို့တွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိမှုအား ထည့်သွင်းစဉ်းစားမှု အားနည်းခြင်း။

## ၂။ အကောင်အထည်ဖော်ခြင်း

အစိုးရဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများမှ ပြင်းထန်သော ငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် အဆိုပါငလျင်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် တုံ့ပြန်ရေးလုပ်ငန်းများအား ဖော်ပြထားပါသည်။

ဤစီမံချက်တွင် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဟူ၍ အဓိက အပိုင်း (၂) ပိုင်း ပါဝင်ပါသည်။

**ကြိုတင်ပြင်ဆင်ရေး။** ဤအပိုင်းတွင် ငလျင်ကြောင့် ထိခိုက်ခံစားရမှုများအား လျော့နည်းစေရန် (သို့မဟုတ်) အသက်များအား ကယ်တင်နိုင်ရန် ရည်ရွယ်၍ သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံ လူထုတို့မှ ငလျင်ဘေးအန္တရာယ်အတွက် ထိရောက်ပြီး လက်တွေ့ဆောင်ရွက်နိုင်သည့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများအား ဖော်ပြထားပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းများအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအားလည်း ဖော်ပြထားပါသည်။

ယင်းလုပ်ငန်းရပ်များတွင် အစီအမံများ ရေးဆွဲခြင်း၊ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်မည့် ပစ္စည်းကိရိယာများအား စုဆောင်း ဖြည့်ဆည်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား အကဲဖြတ်ခြင်းနှင့် လိုအပ်သည်များအား ပြန်လည်ပြင်ဆင်ခြင်း စသည့် လုပ်ငန်းများ ပါဝင်ပါသည်။

**တုံ့ပြန်ရေး။** ဤအပိုင်းတွင် အင်အားပြင်းထန်သော ငလျင်ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များအား ဖော်ပြထားပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအားလည်း ဖော်ပြထားပါသည်။ လုပ်ငန်းကော်မတီများအနေဖြင့် ငလျင်လှုပ်ပြီးနောက် (၂၄)နာရီအတွင်း၊ (၂၄)နာရီ မှ (၄၈)နာရီ အတွင်း၊ (၄၈)နာရီမှ (၇၂)နာရီ အတွင်းနှင့် (၇၂)နာရီမှ (၇)ရက်အတွင်း ဆောင်ရွက်ရမည့် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များအား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။

**ကန့်သတ်ချက်များ။** ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရှုထောင့်ပေါင်းစုံမှ ညှိနှိုင်းဖြေရှင်းမှုများအား အကောင်အထည်ဖော်ရန်အတွက် အင်ဂျင်နီယာများ၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများ၊ ဘေးအန္တရာယ်များနှင့် သက်ဆိုင်သည့် ကျွမ်းကျင်သူများ၊ လူမှုရေးဆိုင်ရာ ပညာရှင်များ၊ မီဒီယာများ၊ အနုပညာရှင် အသိုက်အဝန်းများနှင့် ပြည်သူများအစရှိသည့် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းအားလုံး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤစီမံချက်တွင် အဆောက်အဦပိုင်းနှင့် မသက်ဆိုင်သည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ဦးစားပေးဖော်ပြသွားမည် ဖြစ်ပါသည်။

# ၃။ ကြိုတင်ပြင်ဆင်ရေး

## ၃.၁။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများ

ငလျင်လှုပ်နေစဉ် ကြုံတွေ့ရသည့် အဓိကအန္တရာယ်များမှာ ပြိုကျလဲကျလာသည့် အပိုင်းအစများ (သို့မဟုတ်) ပရိဘောဂများနှင့် ထိခိုက်မိခြင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုနှင့် လျှပ်စစ်မတော်တဆမှုများကြောင့် မီးလောင်ခြင်း၊ သိုလှောင်ထားသော (သို့မဟုတ်) လက်ရှိအသုံးပြုနေရာမှ ထွက်လာသည့် ဓာတုပစ္စည်းများနှင့် ထိတွေ့မိခြင်း စသည်တို့ဖြစ်ပါသည်။ အချို့သော အခြေအနေများတွင် ငလျင်၏ နောက်ဆက်တွဲအနေဖြင့် မြေပြိုခြင်း၊ သဲရည်ပျော်ခြင်း စသည်တို့ ဆက်လက်ဖြစ်ပွားနိုင်ပါသည်။ ငလျင်လှုပ်နေစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှု အများစုမှာ ကြိုတင်ခန့်မှန်းနိုင်ပြီး ၎င်းအကျိုးသက်ရောက်မှုများအတွက် စီမံချက်ရေးဆွဲခြင်းနှင့် ထိခိုက်ဆုံးရှုံးမှုများအား လျှော့ချခြင်းဆိုင်ရာ နည်းလမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အဆိုပါအကျိုးသက်ရောက်မှုများအား လျှော့ချနိုင်မည် ဖြစ်ပါသည်။

ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင်ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာများမှ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ဘေးအန္တရာယ်ကင်းရှင်းမှုအား အကဲဖြတ်ခြင်းဆိုင်ရာ သင်တန်းများအား ဖွင့်လှစ်သင်ကြားခြင်းမှအစပြု၍ ငလျင်နှင့်ဆက်စပ်သော ပညာရှင်များမှ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများနှင့် သက်ဆိုင်သည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ အင်ဂျင်နီယာများမှ အဆောက်အအုံများအား ငလျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် အဆောက်အအုံဆိုင်ရာစံနှုန်းများ ပြဋ္ဌာန်းခြင်းနှင့် အဆိုပါစံနှုန်းများနှင့်အညီ ဒီဇိုင်းရေးဆွဲဆောက်လုပ်ခြင်းများ စသည်တို့ ပါဝင်ပါသည်။ ထို့ပြင် အရေးပေါ်အခြေအနေများအား စီမံခန့်ခွဲသူများနှင့် ရပ်ရွာမှတာဝန်ရှိသူများမှ ရပ်ရွာလူထုအား စုစည်း၍ နောင်တွင်ဖြစ်ပွားလာနိုင်သည့် ငလျင်ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား အသိပေးပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းများလည်း ပါဝင်မည်ဖြစ်ပါသည်။

ထို့အပြင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့် ပစ္စည်းကိရိယာများအား စုဆောင်းဖြည့်ဆည်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လိုအပ်သည်များအား ပြန်လည်ပြင်ဆင်ခြင်းစသည့် လုပ်ငန်းများ ပါဝင်ပါသည်။

### ၃.၁.၁။ ပြည်သူလူထု၏ ငလျင်ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့်အသိပညာများအား မြှင့်တင်ပေးခြင်း

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များနှင့်ပတ်သက်ပြီး အများပြည်သူ၏ နားလည်သိရှိမှုကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ပညာပေးအစီအစဉ်များ၊ ကျောင်းသင်ခန်းစာများတွင် ငလျင်ဆိုင်ရာ လှုပ်ရှားမှုများ ကို ထည့်သွင်းခြင်းနှင့် Facebook အင်တာနက် စာမျက်နှာနှင့် အခြားသော လူမှုမီဒီယာများမှတစ်ဆင့် ဗဟုသုတများ မျှဝေခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၃.၁.၂။ အစီအမံများ ရေးဆွဲခြင်း

ငလျင်ဘေးအန္တရာယ်ကြောင့် အများဆုံးထိခိုက်နိုင်သည့်ဒေသများကို ဖော်ပြထားသည့် မြေပုံများနှင့် ရှင်းလင်းချက်များအား လေ့လာခြင်းဖြင့် မြေယာအသုံးချမှု အစီအမံများအား ရေးဆွဲခြင်း၊ ပြန်လည်လေ့လာ သုံးသပ်ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တောင်ပေါ်ဒေသများနှင့် ငလျင်ဘေးဇုန်ခံ ရနိုင်ခြေရှိသည့် ဒေသများ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အဆောက်အအုံဒီဇိုင်းများအား အန္တရာယ်ရှိမှုအဆင့်

သတ်မှတ်နိုင်ရန် အသေးစိတ်လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော တိုင်းဒေသကြီး/ပြည်နယ်များတွင် အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုချက်ချမှတ်ပေးခြင်းအား အထူးဂရုပြုဆောင်ရွက်ရန်နှင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံဖြစ်စေရေးအတွက် လိုအပ်သည့် ဒီဇိုင်းအချက်အလက်များနှင့် ကိုက်ညီမှုရှိစေရန် စိစစ်ရမည်ဖြစ်ပါသည်။ ငလျင်လှုပ်သည့်အခါ နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် မြေပြိုမှုများကြောင့် မြေထုခိုင်မာ သိပ်သည်းမှုလျော့နည်းလာခြင်းအား ကာကွယ်နိုင်ရန်အတွက် တောင်ပေါ်ဒေသတစ်လျှောက်တွင် စိုက်ပျိုးခြင်းအလေ့အထအား ကန့်သတ်ထိန်းချုပ်ရန် လိုအပ်ပါသည်။ ကွင်းပြင်များနှင့် ပန်းခြံများအား အန္တရာယ်ကင်းသည့် နေရာများအဖြစ် သတ်မှတ်ထားသင့်ပြီး ၎င်းတို့အား သာမန်အချိန်တွင် ကစားကွင်းအဖြစ် အသုံးပြုနိုင်ပြီး အရေးပေါ်အခြေအနေများတွင် ခိုလှုံရာစခန်းများအဖြစ် အသုံးပြုနိုင်ပါသည်။

ထို့အပြင်ပြင်းထန်သောငလျင်လှုပ်မည်ဆိုပါကတုံ့ပြန်ရေးလုပ်ငန်းများအားထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအလိုက် လိုအပ်သည့်စီမံချက်များအား ကြိုတင်ရေးဆွဲထားပြီး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်အား **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြထားပါသည်။

- (က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း
- (ခ) လုံခြုံရေး
- (ဂ) သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း
- (ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း
- (င) သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- (စ) ဆက်သွယ်ရေးလုပ်ငန်း
- (ဆ) ထောက်ပံ့ရေးလုပ်ငန်း
- (ဇ) ပျက်စီးဆုံးရှုံးမှုအချက်အလက်များကောက်ယူရေးလုပ်ငန်း
- (ဆ) မီးငြိမ်းသတ်ရေးလုပ်ငန်း

### ၃.၁.၃။ အရေးပေါ် စီမံချက်များ

စီမံချက်များသည် မည်သည့်ဘေးအန္တရာယ်အတွက်ဖြစ်စေ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် ၎င်း ဘေးအန္တရာယ်များ စတင်ဖြစ်ပွားချိန်မှစတင်၍ လျှင်မြန်စွာတုံ့ပြန်နိုင်ရန်အတွက် အကောင်းဆုံးအခွင့်အရေးကို ပံ့ပိုးပေးပါသည်။ နိုင်ငံတော်အဆင့် အရေးပေါ်စီမံချက်အပြင် ဝန်ကြီးဌာန/ဦးစီးဌာန အားလုံးသည်လည်း ၎င်းတို့၏ နှစ်စဉ် ရန်ပုံငွေမှ ရာခိုင်နှုန်းတစ်ခု (ဥပမာ တစ်ရာခိုင်နှုန်း) အား ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ (ဥပမာ - စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း စသည်) နှင့် ဘေးအန္တရာယ်ဖြစ်ပွားပါက တုံ့ပြန်မှုလုပ်ငန်းများအတွက် ကြိုတင်လျာထား သတ်မှတ်သင့်ပါသည်။

### ၃.၁.၄။ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ငလျင်နှင့်ပတ်သက်သည့် သုတေသနဆောင်ရွက်ချက်များ၊ ရလာဒ်များနှင့် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ ပါဝင်သည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဆွေးနွေးပွဲများအား ငလျင်ဘေးအန္တရာယ်ခံရနိုင်ခြေရှိသည့် ဒေသများတွင် နှစ်စဉ်ကျင်းပပြုလုပ်သင့်ပါသည်။ အဆိုပါဆွေးနွေးပွဲများတွင် သက်ဆိုင်ရာဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အခြားအဖွဲ့အစည်းများအား ဖိတ်ကြားခြင်းဖြင့် ငလျင်ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား မျှဝေပေးနိုင်မည် ဖြစ်ပါသည်။

### ၃.၁.၅။ အသိပညာပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်း

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်းအနေဖြင့် အသိပညာပေးသင်တန်းများ ပို့ချရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် အစိုးရဌာန အဆင့်ဆင့်အတွက် ငလျင်ဘေး အန္တရာယ်ဆိုင်ရာ သင်တန်းများပို့ချခြင်းကို ဦးစားပေးအစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းရမည် ဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်အပါအဝင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးရန်၊ အရှေ့တောင်အာရှနိုင်ငံအချင်းချင်း အတွေ့အကြုံများဖလှယ်ရန်နှင့် အခြားနိုင်ငံများရှိ မိတ်ဆွေများနှင့် အသိပညာမျှဝေခြင်းနှင့်၄င်းတို့ထံမှလေ့လာသင်ယူခြင်းစသည်တို့ကိုဆောင်ရွက်နိုင်ရန်အတွက်ရန်ပုံငွေများကိုပြန်လည်သုံးသပ်ခြင်းနှင့် အရင်းအမြစ်များ ခွဲဝေချထားခြင်းကို ဆောင်ရွက်ရပါမည်။ အသိပညာပေးသင်တန်းများ ပို့ချရာ၌ ငလျင်ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန် အကြံပြုချက်များ သာမက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူဖြစ်စေမည့် အချက်အလက်များအား စုဆောင်းခြင်း၊ စောင့်ကြည့်သုံးသပ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းစသည်တို့နှင့် သက်ဆိုင်သည့် နည်းပညာများအားလည်း ပို့ချနိုင်ပါသည်။ ငလျင်လှုပ်ပြီးနောက်တွင် ပျက်စီးသွားသော အခြေခံအဆောက်အအုံများအား လေ့လာဆန်းစစ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် အင်ဂျင်နီယာများအား အထူးသင်တန်းများပို့ချပေးရန် လိုအပ်ပါသည်။ ငလျင်ဖြစ်ပါက မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်မည်အား သိရှိနိုင်စေရန်နှင့် စီမံချက်များ တိုးတက်ကောင်းမွန်လာစေရန်အတွက် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများနှင့် ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်း အစီအစဉ်များအား ပုံမှန်လေ့ကျင့်သွားရန် လိုအပ်ပါသည်။ ထို့အပြင် လေ့ကျင့်ခြင်းများမှ ရရှိလာသည့် သင်ခန်းစာများအပေါ် အခြေခံ၍စီမံချက်နှင့် လုပ်ငန်းစဉ်များကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်ဖြစ်ပါသည်။

### ၃.၁.၆။ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ပစ္စည်းများ စုဆောင်းထားရှိခြင်း

ပြင်းထန်သော ငလျင်လှုပ်ပြီးနောက် လျှပ်စစ်ဓါတ်အားနှင့် သောက်သုံးရေ ဖြန့်ဝေသည့်စနစ်ကဲ့သို့သော အဓိက အရေးကြီးသည့် ဝန်ဆောင်မှုစနစ်များ ပျက်စီးပြီး ကုန်ပစ္စည်းများ ပို့ဆောင်မှုမှာလည်း ရပ်တန့်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သောက်သုံးရေ၊ အစားအစာ၊ ရှေးဦးသူနာပြု ပစ္စည်းများနှင့် ဆေးဝါးများ၊ တကိုယ်ရည် အသုံးအဆောင်များနှင့် အခြားသော နေ့စဉ်သုံးပစ္စည်းများကို စုဆောင်းထားရှိရန်မှာ အရေးကြီးပါသည်။ ပုပ်သိုးမှုမရှိဘဲ ကြာရှည်ခံသည့် ပစ္စည်းများအား နေ့စဉ်လိုအပ်သည့် ပမာဏထက် ပိုမိုသိုလှောင်ထားသင့်ပါသည်။ ငလျင်ဘေးအန္တရာယ်ခံရနိုင်ခြေရှိသည့် ဒေသများတွင်နေထိုင်သည့် ပြည်သူများအား အရေးပေါ်အခြေအနေအတွက် လိုအပ်သည့် ပစ္စည်းများအား မိမိနှင့်အတူဆောင်ထားရန် တိုက်တွန်းရမည် ဖြစ်ပါသည်။ အစိုးရဌာနဆိုင်ရာများအနေဖြင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် အရေးပေါ် လိုအပ်သည့်အရာများအား အဆင်သင့်ရှိနေစေရမည် ဖြစ်ပါသည်။

### ၃.၁.၇။ အကဲဖြတ်ခြင်းနှင့် လိုအပ်သည်များအား ပြန်လည်ပြင်ဆင်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်တို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်များထားရှိရန် လိုအပ်ပါသည်။ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများအား ပုံမှန်ဆောင်ရွက်ခြင်းဖြင့် အဆိုပါစီမံချက်များအား စမ်းသပ်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့် တွေ့ရှိချက်များအား အကဲဖြတ်ခြင်းများမှတစ်ဆင့် ကွာဟချက်များအား ဖော်ထုတ်သတ်မှတ်ခြင်းပြီးနောက် ယင်းစီမံချက်များအား ကာလအပိုင်းအခြားအလိုက် ပြင်ဆင်သွားရမည် ဖြစ်ပါသည်။

### ၃.၁.၈။ နေအိမ်/ရုံးများအတွင်း ကြိုတင်ပြင်ဆင်ခြင်း

လွန်ခဲ့သည့်နှစ်များအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် ဖြစ်ပွားခဲ့သည့် ထိခိုက်ဒဏ်ရာရရှိမှု၏ (၃၀-၅၀) ရာခိုင်နှုန်းမှာ ပြိုလဲကျလာသော ပစ္စည်းများ၊ ပရိဘောဂများနှင့် အခြားလေးလံသော ပစ္စည်းများ လူများအပေါ် သို့ ပိမိခြင်း (သို့မဟုတ်) အဆိုပါပစ္စည်းများ လျှောဆင်းကျလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်လှုပ်ပြီး နောက်ဆက်တွဲ တုန်ခါမှုကြောင့် မှန်များလွင့်စင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊ တံခါးပေါက်များတွင် ပရိဘောဂပစ္စည်းများ ပိတ်ဆို့ခြင်း မရှိစေရန်အတွက် ပရိဘောဂပစ္စည်းများအား စနစ်တကျ နေရာချထားခြင်း၊ အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများ အား ရှင်းလင်းထားခြင်း၊ ကွန်ပျူတာများ၊ တီဗီများအား စားပွဲနှင့်နံရံများတွင် ခိုင်မာစွာ တွဲဆက်ထားခြင်း၊ ပြိုကျကွဲကျ လွယ်သောပစ္စည်းများအား စင်များဖြင့်ထားရှိခြင်း စသည်တို့အား ဆောင်ရွက်ထားရပါမည်။ ဂက်စ်မီးဖိုနှင့် လျှပ်စစ် မိန်းခလုတ်များအား မည်ကဲ့သို့ ပိတ်ရမည်ကို လေ့လာထားခြင်း ငလျင်လှုပ်ပြီး နောက်ဆက်တွဲအနေဖြင့် မီးလောင်မှုဖြစ်ပွားနိုင်သောကြောင့် မီးသတ်ဆေးဘူးများ၊ မီးသတိပေးစနစ်များနှင့် လျှပ်စစ်ပိုင်းဆိုင်ရာချို့ယွင်းပျက်စီးပါကလျှပ်စီးကွန်ယက်ကိုဖြတ်ပေးသည့်အိမ်သုံး/ရုံးသုံးလျှပ်စီးဖြတ်ကိရိယာများကို တပ်ဆင်ထားရပါမည်။

### ၃.၁.၉။ နေအိမ်/ရုံးများပြင်ပ ကြိုတင်ပြင်ဆင်ခြင်း

ငလျင်လှုပ်နေစဉ်အတွင်း ဘေးလွတ်ရာသို့ အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းနိုင်ရန်အတွက် မိမိတို့၏ နေအိမ်/ရုံးများ၏ ပတ်ဝန်းကျင်အနေအထားကို သိရှိထားရန်နှင့် မိမိနေထိုင်ရာရပ်ရွာဒေသအပေါ် ငလျင်ဘေးအန္တရာယ် ကျရောက်နိုင်မှုအဆင့်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထို့ပြင် ဘေးလွတ်ရာသို့ရွှေ့ပြောင်းရမည့်နေရာနှင့် လမ်းကြောင်းများအား စစ်ဆေးထားရန်နှင့် အဆိုပါလမ်းကြောင်းများအတိုင်း ကြိုတင်သွားရောက် လေ့လာထားရန် လိုအပ်ပါသည်။

### ၃.၁.၁၀။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုတင်ပြင်ဆင်ခြင်း

ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အိမ်နီးချင်းများနှင့်ပူးပေါင်းဆောင်ရွက်မှုမှာ လွန်စွာအရေးကြီးပါသည်။ ငလျင် (သို့မဟုတ်) အခြားသော ဘေးအန္တရာယ်များဖြစ်ပေါ်နေစဉ် ပြုမူဆောင်ရွက်ရမည့် အရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ရပ်ရွာအတွင်းဆောင်ရွက်သည့် ငလျင်ဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းများတွင် ပါဝင်ရန်လိုအပ်ပါသည်။ ရပ်ရွာအတွင်း ဘေးအန္တရာယ်ကျရောက်နိုင်မှုကို ဆွေးနွေးရန် အစည်းအဝေးများ ကျင်းပခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရမည့်လမ်းကြောင်းများနှင့် စုဝေးရာနေရာများ သတ်မှတ်ခြင်း၊ အရေးပေါ်အခြေအနေတွင် အကူအညီလိုအပ်မည့်သူများအား သိရှိထားခြင်း၊ ရှေးဦးပြုစုခြင်းသင်တန်းများ ပို့ချခြင်းစသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ရွာလူထုမှ ပူးပေါင်းဆောင်ရွက်ထားရပါမည်။

## ၃.၂။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

ဤအပိုင်းတွင် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှု ရှိစေရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများ ထပ်မနေစေရန်အတွက် နိုင်ငံတော်အဆင့်တွင် လည်းကောင်း၊ နိုင်ငံတော် အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အရပ်ဖက်စစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများအား ဖော်ပြထားပါသည်။

### ၃.၂.၁။ နိုင်ငံတော်အဆင့်အစီအမံများ/စီစဉ်ဆောင်ရွက်မှုများ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) အရ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများသည် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေလျာထားရန်နှင့် ဘေးအန္တရာယ် ဖြစ်ပွားသည့်အခါ၌ အဆိုပါလျာထားရန်ပုံငွေများအားအသုံးပြုရမည်ဖြစ်ပါသည်။ ဘေးအန္တရာယ်တစ်ခုကျရောက်နေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရ၏ အရင်းအမြစ်များအား အထောက်အပံ့ဖြစ်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဘဏ္ဍာရေး/အာမခံစနစ်များ စသည့် အခြား ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ကြိုတင်သဘောတူ စီစဉ်ထားရှိရပါမည်။ စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းရပ်များ အကောင်အထည်ဖော်ရန်အတွက် အဆိုပါ ရန်ပုံငွေများအား ခွဲဝေအသုံးပြုသွားမည် ဖြစ်ပါသည်။

ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့၏ နှစ်အလိုက် စီမံချက်များတွင် လျှောင်အပါအဝင် ဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေဆိုင်ရာ သတင်းအချက်အလက်များအား ထည့်သွင်းဆောင်ရွက်ထားမှုရှိစေရေး စိစစ်သွားရမည် ဖြစ်ပါ သည်။ အမျိုးသားကော်မတီသည် စီမံချက်တွင်ပါဝင်သည့် လုပ်ငန်းရပ်များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် စောင့်ကြည့်စစ်ဆေးမှု နှစ်စဉ်အစီရင်ခံစာ၏ အစိတ် အပိုင်းတစ်ရပ်လည်း ဖြစ်လာမည် ဖြစ်ပါသည်။ ဝန်ကြီးဌာနတစ်ခုချင်းစီအနေဖြင့်လည်း ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့်အစီအစဉ် (အထူးသဖြင့် လျှောင်၊ မီးဘေးအတွက်) ရေး ဆွဲထားရန်နှင့် နောင်တွေ့ကြုံရမည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းများကို ပုံမှန်ဆောင်ရွက်၍ အားနည်းချက်များကို ပြင်ဆင်သွားရန် လိုအပ်ပါသည်။ လိုအပ်ပါက သက် ဆိုင်ရာပညာရှင် အဖွဲ့အစည်းများထံမှ အကူအညီရယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါ ဝန်ကြီးဌာနအဆင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းဆိုင်ရာ အစီရင်ခံစာအား သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် အမျိုးသားကော်မတီထံသို့ ပေးပို့တင်ပြရမည်ဖြစ်သည်။ ထို့အပြင် ဝန်ကြီးဌာနအဆင့် ကြိုတင်ပြင်ဆင်ထားမှုများ အား စမ်းသပ်နိုင်ရန်အတွက် အမျိုးသားအဆင့် မြေလျှောင်တုံ့ပြန်မှု သဏ္ဍာန်တူလေ့ကျင့်ခန်းများအား တစ်နှစ်လျှင် တစ်ကြိမ်ခန့် ပြုလုပ်ရပါမည်။

ပြင်းထန်သော လျှောင်လျှပ်မည်ဆိုပါက အလွယ်တကူရယူအသုံးပြုနိုင်မည့် အကူအညီနှင့် အထောက်အပံ့များကို လည်း သိရှိမှုဝေထားရန် အရေးကြီးပါသည်။ ဝန်ကြီးဌာနများအနေဖြင့် နှစ်စဉ် နှစ်တစ်နှစ်၏ အစပိုင်းတွင် လျှောင် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနများအလိုက် ရရှိနိုင်သည့် လျှောင်ဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်းများ၊ မြေယာအသုံး ချမှု စီမံချက်များအပေါ် သုံးသပ်ချက်၊ အရေးပေါ်စီမံချက်များ၊ အကြီးစားစက်ပစ္စည်းကိရိယာများ စာရင်းနှင့် လျှောင် ဘေးအန္တရာယ် စောင့်ကြည့်လေ့လာသည့် စက်ပစ္စည်းများစသည့် အရင်းအမြစ်များ စာရင်းကို စစ်ဆေးခြင်းနှင့် အဆိုပါစာရင်းများအား အခြားဝန်ကြီးဌာနများနှင့် မျှဝေခြင်းလုပ်ငန်းများအား ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ထို့ပြင်သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား နည်းစနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဝန်ကြီးဌာန များအနေဖြင့် လျှောင်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ အရင်းအမြစ်များ စုဆောင်းထားနိုင်မှု အခြေအနေများအား အကဲဖြတ်လေ့လာခြင်းများ ပြုလုပ်၍ ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌများထံ တင်ပြသွားရန်ဖြစ်ပါသည်။ အင်အားပြင်းထန်သော လျှောင်များကြောင့် ကြီးမားသော ပျက် စီးထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်မည်ဆိုပါက တုံ့ပြန်ရေးလုပ်ငန်းများအား ထိရောက်စွာ လုပ်ကိုင်နိုင်ရန်အတွက် ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယာယီဗဟိုဌာနခွဲအား စေလွှတ်ရန်အတွက် အဆိုပါဌာနခွဲအား ကြိုတင် ဖွဲ့စည်းထားရပါ မည်။

### ၃.၂.၂။ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ညှိနှိုင်းဆောင်ရွက်ခြင်း

နိုင်ငံတော်အဆင့်မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တွင် ပါဝင်သော ဦးစီးဌာနများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ အခြေအနေများပေါ် မူတည်၍ ၎င်းတို့ဝန်ကြီးဌာန၏ နှစ်အလိုက်စီမံချက်များတွင် ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များအား ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဦးစီးဌာနတစ်ခုချင်းစီ၌လည်း ငလျင်ဖြစ်ပွားချိန်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့် အစီအစဉ် ရေးဆွဲဆောင်ရွက်ထားရန်၊ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပုံမှန် (တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်) ဆောင်ရွက်ရန်နှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ၏ အားနည်းချက်များအားသုံးသပ်၍ လိုအပ်ပါက ပြန်လည်ပြင်ဆင်ရန် ဖြစ်ပါသည်။ အဆိုပါ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများအား နိုင်ငံတော်အဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အရေးပေါ် အခြေအနေတွင် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို သိရှိပြီး အားနည်းချက်များ ရှိပါက ပြန်လည်ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။ အဆိုပါလေ့ကျင့်မှုများတွင် ကြက်ခြေနီအဖွဲ့ အစည်းများ၊ တပ်မတော်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ ပါဝင်ရပါမည်။ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသည် နိုင်ငံတော်အဆင့်နှင့် ပူးပေါင်းကာ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာမှုများပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ကူညီထောက်ပံ့မှု အခြေအနေများအား သက်ဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများထံသို့ တင်ပြအစီရင်ခံပါမည်။ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့အပါအဝင် အခြားအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါမည်။

### ၃.၂.၃။ နိုင်ငံတော်အဆင့်နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းအဖွဲ့ (DRR Working Group) ညှိနှိုင်းဆောင်ရွက်ခြင်း

DRR Working Group ၏ လုပ်ငန်းတာဝန်မှာ အစိုးရ၏ဖွံ့ဖြိုးမှုအစီအစဉ်ကို အစဉ်တစ်စိုက် ထောက်ပံ့ကူညီသွားရန် ဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးသည် နိုင်ငံ၏ ဖွံ့ဖြိုးမှုအစီအစဉ်တွင် ပါဝင်သည့် အဓိက လိုအပ်ချက်များအနက် တစ်ခုဖြစ်ပါသည်။ DRR Working Group အနေဖြင့် ဌာနတစ်ခုချင်းစီ၏ ဆောင်ရွက်လိုသည့် ကိစ္စရပ်များအပေါ် မူတည်၍ အစိုးရအား ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီသွားရန် ဖြစ်ပါသည်။ အဓိကဆောင်ရွက်မည့် လုပ်ငန်းများတွင် အောက်ဖော်ပြပါ ကိစ္စရပ်များသာမက အခြားအကြောင်း အရာများလည်း ပါဝင်နိုင်ပါသည်။

(က) ငလျင်လှုပ်နိုင်ခြေနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်မှု အခြေအနေတို့ကို သိရှိနားလည် ထားခြင်းနှင့် အဆိုပါ သတင်းအချက်အလက်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများအား မျှဝေထားခြင်း၊

(ခ) DRR Working Group အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ရုံးစိုက်ရာနေရာ၊ ဆက်သွယ်ရန်အချက်အလက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာန/ဦးစီးဌာနနှင့် သက်ဆိုင်သည့် အချက်အလက်များအားစာရင်း ပြုစုထားခြင်း၊

(ဂ) ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကလိုအပ်မည့် ပစ္စည်းများ ဥပမာ အစားအသောက်၊ နေ့စဉ် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အမိုးအကာများ၊ သန့်ရှင်းရေးသုံး ပစ္စည်းများ စသည်တို့အား အခြား အဖွဲ့အစည်းများထံမှ ရရှိနိုင်မှုစာရင်းအား ပြုစုထားခြင်း၊

(ဃ) ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခြင်း၊

(င) မည်သည့်နေရာတွင် မည်သည့်အဖွဲ့အစည်းများက မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည် စသည့်တို့အား လေ့လာခြင်းနှင့် ကွာဟချက်များအား ဆန်းစစ်ခြင်း၊

(စ) နိုင်ငံတော်အဆင့်နှင့် အခြားအဆင့်ရှိ ဦးစီးဌာနများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများအကြား သတင်းအချက်အလက်များ မျှဝေခြင်း၊

(ဆ) မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့၌ အစိုးရအား ပံ့ပိုးကူညီခြင်း (ဥပမာ ဥပဒေများ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်း စီမံချက်၊ လျော့ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းဆိုင်ရာ မဟာဗျူဟာ)

(ဇ) ဌာနဆိုင်ရာမှ တာဝန်ရှိသူများအား လျော့နှင့်သက်ဆိုင်သည့် သိသင့်သိထိုက်သည်များအား သင်တန်းပို့ချပေးခြင်း၊ ၎င်းတို့ပါဝင်သည့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ အပါအဝင် အဖွဲ့အစည်းများအကြားနှင့် ကဏ္ဍများအကြား ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊

(ဈ) အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် လျင်မြန်စွာတုံ့ပြန်နိုင်မှုစွမ်းရည်ကို ဖော်ထုတ်ခြင်း(ဒေသအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်)

DRR Working Group မှ တာဝန်ခံအဖွဲ့အစည်းတစ်ခုအနေဖြင့် လျော့ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများနှင့် နှစ်အလိုက် စီမံချက်များကို အမျိုးသားကော်မတီထံသို့ သတင်းပေးပို့သည့် တာဝန်ခံအဖြစ် ဆောင်ရွက်ရပါမည်။ အဆိုပါ တာဝန်ခံ အဖွဲ့အစည်းအနေဖြင့် အမျိုးသားကော်မတီမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်းနှင့် အပြီးသတ်အကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် စောင့်ကြည့်ထိန်းသိမ်းရေးနည်းလမ်းများ ပါဝင်မှုရှိနေစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

### ၃.၂.၄။ နိုင်ငံတော်အဆင့်နှင့် ပုဂ္ဂလိကကဏ္ဍ ညှိနှိုင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကွန်ယက် (Myanmar Private Sector Disaster Management Network, MPD-Network) အနေဖြင့် လျော့ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများအား မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ရပါမည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် MPD-Network အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးအား တာဝန်ခံအဖြစ်ရွေးချယ်၍ အဆိုပါပုဂ္ဂိုလ်မှ ၎င်းတို့ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအား အမျိုးသားကော်မတီသို့ တင်ပြရန် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍများမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများတွင် အောက်ဖော်ပြပါ ကိစ္စရပ်များ သာမက အခြားလုပ်ငန်းများလည်း ပါဝင်နိုင်ပါသည်။

(က) နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ရပ်ရွာအဆင့်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် အဆိုပါလုပ်ငန်းများအား ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လျော့ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန် အသိပညာပေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လျော့ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့် ဒေသရှိ ပြည်သူလူထုများထံသို့ လျော့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား အသိပေးဖြန့်ဝေခြင်း၊

(ဃ) ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့် အစီအစဉ်များ ရေးဆွဲခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခြင်း၊

(စ) ငလျင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိစေရေးအတွက် နိုင်ငံတော်အဆင့်မှ ဆောင်ရွက်မှုများတွင် ငလျင်ဘေးအန္တရာယ်နှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များ ပံ့ပိုးပေးခြင်း၊

ထို့အပြင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့်အစီအစဉ်များ ရေးဆွဲထားရန်၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ် လိုက်နာရှောင်ကြဉ်ရမည့် အချက်များနှင့် ပတ်သက်၍လည်း ဝန်ထမ်းများ၏ နားလည်သိရှိမှုကို မြှင့်တင်ပေးနိုင်ရန်အတွက် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပုံမှန်ဆောင်ရွက်သွားရပါမည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအားအကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကူညီပေးနိုင်မည့်သူများနှင့် အကြီးစား စက်ပစ္စည်းများအား စာရင်းပြုစုထားပြီး အဆိုပါ စာရင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် အမျိုးသားကော်မတီထံသို့ မျှဝေထားပါမည်။ ငလျင်ဘေးအန္တရာယ်ကျရောက်သည့်ဒေသသို့ပုဂ္ဂလိကအဖွဲ့အစည်းများမှအဆိုပါစက်ပစ္စည်းများအား အချိန်မီပို့ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးရန်နှင့် လိုအပ်ပါက ပုဂ္ဂလိကကဏ္ဍအနေဖြင့် (သို့မဟုတ်) သီးခြားကုမ္ပဏီအနေဖြင့် သဘောတူ လက်မှတ်ရေးထိုးထားရပါမည်။

### ၃.၂.၅။ အရပ်ဖက်စစ်ဖက် ပူးပေါင်းဆောင်ရွက်မှု

မည်သည့် ဘေးအန္တရာယ်အတွက်ဖြစ်စေ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်သာမက တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း တပ်မတော်၏ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ နှစ်ဦးနှစ်ဖက် ကျွမ်းကျင်မှုများကို အပြန်အလှန် နားလည်သိရှိစေရေးအတွက် စီမံချက်ချမှတ်ခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများကို တပ်မတော်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် အတူတကွ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများသာမက အခြားလုပ်ငန်းများအား ဆောင်ရွက်ရပါမည်။

(က) ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနေဖြင့် ဆက်သွယ်ရမည့် အဖွဲ့/ဌာနအား သတ်မှတ်ပေးခြင်း၊

(ခ) အရပ်သားများအတွက် ကျင်းပသည့်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ သင်တန်းအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံအတွင်းရှိ အဆင့်အသီးသီးတွင်ဆောင်ရွက်နေသည့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများတွင် တပ်မတော်၏ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်ခြင်း၊ (ဉပမာ၊ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား စစ်ဆေးခြင်း စသည်)

(ဃ) အကြီးစားစက်ပစ္စည်းကိရိယာများ၊ အန့်ခံခွေး အစရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အရင်းအမြစ်များအား အသုံးပြုခွင့်ပေးခြင်း၊

(င) ငလျင်ဘေးအန္တရာယ်အတွက် စီမံချက်ရေးဆွဲခြင်းနှင့် စီစဉ်ဆောင်ရွက်ခြင်းစသည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရှိ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခြင်း၊

(စ) တပ်မတော်သားများအား ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များအား သိရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အသိပညာပေးသင်တန်းများ ပို့ချခြင်း၊

(ဆ) တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် ပံ့ပိုးကူညီမည့် အရင်းအမြစ်များဖြစ်သည့် လူအင်အား၊ စက်ယန္တရား၊ စက်သုံးဆီ၊ စားရေရိက္ခာစသည်တို့အား ကြိုတင်လေ့ကျင့် စုဆောင်းခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်နှင့် ဆက်စပ်ဖြစ်ပွားနိုင်သော အမှုအခင်းများ၊ ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်တွက်ဆ၍ လုံခြုံရေးစီမံချက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် စီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့ကျင့်ခြင်း၊

### ၃.၂.၆။ နိုင်ငံတော်အဆင့်နှင့် လူမှုအဖွဲ့အစည်းများ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း

လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ရပ်ရွာလူထုအဆင့်တွင် အများဆုံး ချိတ်ဆက်ဆောင်ရွက်နေပြီး ဘေးအန္တရာယ်ဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် လူထုနှင့် လက်တွဲဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်းများမှ တာဝန်ခံပုဂ္ဂိုလ်များအနေဖြင့် ကြိုတင်ပြင်ဆင်ရေး ဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာမှုရှိစေရန်အတွက် စီမံကိန်းဒေသ၏ မြေပုံများအပါအဝင် ၎င်းတို့၏ နှစ်အလိုက် လုပ်ငန်းစီမံချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် အမျိုးသားကော်မတီသို့ လုပ်ငန်းမစတင်မီ ကြိုတင် တင်ပြရပါမည်။ အဖွဲ့အစည်းများအနေဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် အခြားအရင်းအမြစ်များအား စာရင်းပြုစု၍ အမျိုးသားကော်မတီသို့ မျှဝေထားရပါမည်။

### ၃.၂.၇။ နိုင်ငံတော်အဆင့်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း ညှိနှိုင်းဆောင်ရွက်ခြင်း

အရှေ့တောင်အာရှနိုင်ငံများအသင်းသည် မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ချရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံအတွက် အထောက်အပံ့များစွာ ဖြစ်စေပါသည်။ အဆိုပါ အကူအညီများမှာ အဓိကအားဖြင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒဆိုင်ရာ ပံ့ပိုးပေးခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း အတွေ့အကြုံဖလှယ်ပေးခြင်း စသည့် ကိစ္စရပ်များအတွက်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းရပ်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီသည် ကောင်းမွန်သည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလျက် စွမ်းဆောင်ရည်ရှိသည့် ဝန်းကျင်ကိုတည်ဆောက်ရန် ဖြစ်ပါသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့သည် AHA centre နှင့် Sentinal Asia စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငလျင်အန္တရာယ်ပြမြေပုံနှင့် အခြားနိုင်ငံများ၏ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်းများအပါအဝင် သတင်းအချက်အလက် မျှဝေရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော အခြားဌာနဆိုင်ရာများအားလည်း အဆိုပါ သတင်း အချက်အလက်များ မျှဝေပေးနိုင်ရန်အတွက် ညှိနှိုင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၃.၂.၈။ နိုင်ငံတော်အဆင့်နှင့် နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း

အစိုးရဌာနဆိုင်ရာများအနေဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ၎င်းတို့ ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားအလိုက် နှစ်နိုင်ငံအဖွဲ့အစည်းများထံမှ အကူအညီများ ရရှိနိုင်မည့် အခွင့်အရေးများကို ရယူသင့်ပါသည်။ အမျိုးသားကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေရရှိနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ပေး

နိုင်ရန် နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဥပမာ ၎င်းတို့၏အကူအညီမှာ သင်တန်းပေးမည့်အစီအစဉ်များဖြစ်ပါက ဝန်ကြီးဌာနအသီးသီးမှ သက်ဆိုင်ရာ ဝန်ထမ်းများအား စေလွှတ်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

## ၃.၃။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် အရင်းအမြစ်များအား ဆန်းစစ်လေ့လာခြင်း

ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အထူးသဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းရပ်များနှင့် အရင်းအမြစ်များ ဆန်းစစ်လေ့လာခြင်းအား နှစ်တစ်နှစ်၏ နှစ်ဦးပိုင်းတွင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ စီမံကိန်းဒေသတစ်ခုအတွင်း တူညီသောလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်သည့်အပြင် အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ ဝန်ကြီးဌာနများအနေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်မည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် အချက် အလက်များကို ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်းစီ၏ နှစ်ဦးပိုင်းတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် အမျိုးသား ကော်မတီသို့ တင်ပြရပါမည်။ အဆိုပါစာရင်းတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင် ရွက်မည့် လုပ်ငန်းရပ်များလည်း ပါဝင်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အမျိုးသားကော်မတီအနေဖြင့် ငလျင် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့် လေ့လာနိုင် မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မည့် ဒေသတွင် ငလျင်လှုပ်ပါက ဖြစ်ပွားနိုင်သည့် အကျိုးသက် ရောက်မှုများကိုလည်း ကြိုတင်ခန့်မှန်း တွက်ချက်နိုင်မည် ဖြစ်ပါသည်။

# ၄။ တုံ့ပြန်ရေး

အင်အားပြင်းထန်သော ငလျင်လှုပ်ပြီးနောက်တွင် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူအများ ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေပေးဝေရေးစနစ်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်များ စသည့် အခြေခံဝန်ဆောင်မှုများ ပြတ်တောက်ခြင်း၊ နောက်ဆက်တွဲဘေးအန္တရာယ်များဖြစ်သည့် မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မီးဘေးနှင့် နောက်ဆက်တွဲ ငလျင်ငယ်များစသည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ကြုံတွေ့လာရနိုင်ပါသည်။ အဆိုပါ အရေးပေါ်အခြေအနေများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းကာ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည်။

## ၄.၁။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ

အင်အားပြင်းထန်သော ငလျင်လှုပ်ပြီးပါက အဆောက်အအုံများအတွင်း ပိတ်မိနေသူများ၊ ဘေးလွတ်ရာသို့ စွန့်ခွာရန် လိုအပ်သော်လည်း သွားလာရန် အခက်အခဲရှိသူများ၊ မှန်နှင့်အခြားသော အပျက်အစီး အပိုင်းအစများကြောင့် ထိခိုက်ဒဏ်ရာ ရရှိနေသူများစသည်တို့အား အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ပြင် ဒေသခံများ၊ ထိခိုက်ဒဏ်ရာ ရရှိသူများနှင့် ဆေးကုသရန် လိုအပ်သူများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာနေရာများနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ဆေးရုံများအနေဖြင့် ဒဏ်ရာရသူများနှင့် အခြားအရေးပေါ် ဆေးကုသမှုများအား ဝန်ဆောင်မှုပေးရန် မလုံလောက်ပါက ပြင်းထန်စွာ ဒဏ်ရာရရှိသူများအား အခြားဒေသသို့ အချိန်မီ ပို့ဆောင်နိုင်ရန်အတွက် ပျက်စီးသွားသည့် သယ်ယူပို့ဆောင်ရေးစနစ်များနေရာတွင် အခြားနည်းလမ်းများ အစားထိုးဆောင်ရွက်ရန် လိုအပ်ပါသည်။ အပျက်အစီးများအား ရှင်းလင်းဖယ်ရှားရန်အတွက် ပစ္စည်းကိရိယာများ လုံလောက်မှုမရှိပါက ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း အခြားအရင်းအမြစ်များထံမှ ရယူမည်ဖြစ်ပါသည်။ ငလျင်၏ နောက်ဆက်တွဲအနေဖြင့် မီးလောင်ခြင်း ဖြစ်ပွားနိုင်သည့်အတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် အတွက် အသင့်ပြင်ဆင်ထားရပါမည်။

## ၄.၂။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာရန်လိုအပ်သည့် ငလျင်အန္တရာယ်ဖြစ်ပွားသည့်အခါ ဘေးဒဏ်ခံပြည်သူများ၏ လိုအပ်ချက်ကို ဖော်ထုတ်ရန်အတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များမှ ဌာနဆိုင်ရာများ၊ တပ်မတော်၊ ကုလသမဂ္ဂဦးဆောင်သော လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း စသည်တို့ အချင်းချင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ လိုအပ်သည့် အရင်းအမြစ်များအား ဖြည့်ဆည်းရန်အတွက် အကူအညီများ လိုအပ်နိုင်ပြီး၊ အနီးနားပတ်ဝန်းကျင်ဒေသများ (သို့မဟုတ်) လူသားချင်း စာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်သည့် အရင်းအမြစ် အကူအညီများဖြင့်လည်း အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပါသည်။ လုပ်ငန်းတူ ဆောင်ရွက်ခြင်းမျိုး မဖြစ်စေရန်၊ ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်ရန်နှင့် အမှန်တကယ် လိုအပ်နေသည်များအား ထောက်ပံ့ပေးနိုင်ရန်အတွက် တုံ့ပြန်ရေးလုပ်ငန်း၏ အဆင့်တိုင်းတွင် ညှိနှိုင်းဆောင်ရွက်မှုမှာ အရေးကြီးပါသည်။

### ၄.၂.၁။ နိုင်ငံတော်အဆင့် အစီအမံများ/ စီစဉ်ဆောင်ရွက်မှုများ

တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဦးစားပေးဒေသများ ရွေးချယ်ရန်နှင့် လုပ်ငန်းသတ်မှတ်ရန် အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပါမည်။ တုံ့ပြန်ရေး

လုပ်ငန်းဆောင်ရွက်နေမှုအား အဆင်ပြေချောမွေ့မှုရှိစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ အချင်းချင်းမှ လိုအပ်သည်များအား ချိတ်ဆက်ဆောင်ရွက်မည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား လုပ်ငန်း ကော်မတီတွင်ပါဝင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ညှိနှိုင်း၍ အစီရင်ခံစာများပြုစုကာ အမျိုးသား ကော်မတီ ဥက္ကဋ္ဌသို့ တင်ပြပါမည်။

### ၄.၂.၂။ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ညှိနှိုင်းဆောင်ရွက်ခြင်း

ဘေးအန္တရာယ်အဖြစ် ကြေညာပြီးနောက် အမျိုးသားအဆင့် လုပ်ငန်းကော်မတီများသည် ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်သို့ စေလွှတ်ထားသည့် ၎င်းတို့၏ သက်ဆိုင်ရာလုပ်ငန်း ကော်မတီများအား ပံ့ပိုး ကူညီမှုများ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ဘေးအန္တရာယ်ကျရောက်သည့်ဒေသမှ တိုင်းဒေသကြီး/ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသည် လုပ်ငန်းကော်မတီများမှ တုံ့ပြန်ရေးလုပ်ငန်းများ လာရောက်ဆောင် ရွက်မှု မပြုခင်အထိ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှု ဖြင့် လုပ်ငန်းများအား ဆောင်ရွက်ထားရပါမည်။ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား အမျိုးသားကော်မတီ ထံသို့ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြပြီး ဖြည့်ဆည်းထောက်ပံ့ပေးရန် လိုအပ်ချက်များအား တောင်းခံပါမည်။ ထို့ပြင် တုံ့ပြန်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်၊ အခြား လိုအပ်သည့် အကူအညီများ တောင်းခံနိုင်ရန်နှင့် ဦးစားပေးလုပ်ငန်းများ သတ် မှတ်နိုင်ရန်စသည့် လုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျွမ်းကျင်မှုနှင့် လုပ်ငန်းနယ်ပယ်များအလိုက် နိုင်ငံတော်အဆင့် လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

### ၄.၂.၃။ နိုင်ငံတော်အဆင့်နှင့် ကုလသမဂ္ဂဦးဆောင်သော လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့ (Humanitarian Country Team) ညှိနှိုင်းဆောင်ရွက်ခြင်း

ငလျင်ဘေးအန္တရာယ်အဖြစ် ကြေညာပြီးနောက် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအား လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ အဆိုပါအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ် (လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး) (သို့မဟုတ်) ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအနေဖြင့် ဝန်ထမ်းများအား ၎င်းတို့၏ ကျွမ်းကျင်မှုများ အလိုက် လုပ်ငန်းကော်မတီများသို့ စေလွှတ်၍ ပူးပေါင်းဆောင်ရွက်စေရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကနဦးပျက်စီး မှုနှင့် လတ်တလော လိုအပ်ချက်များ လေ့လာဆန်းစစ်ရန်အတွက် လုပ်ငန်းကော်မတီများအား ပံ့ပိုးကူညီပေးပါမည်။

ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ချက်ချင်းလိုအပ်သည့် အကူအညီ လိုအပ်ချက်များကို ပံ့ပိုးကူညီရန် လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့တွင် အရေးပေါ်စီမံချက်ရှိပါသည်။ အဆိုပါ စီမံချက်တွင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်ရည်များအား ကြိုတင်လျာထားပြီး ဘေးအန္တရာယ်အဖြစ် ကြေညာပြီးသည်နှင့် အဆိုပါအရင်း အမြစ်များအား ခွဲဝေအသုံးပြုမည် ဖြစ်ပါသည်။

### ၄.၂.၄။ နိုင်ငံတော်အဆင့်နှင့် ပုဂ္ဂလိက ကဏ္ဍ ညှိနှိုင်းဆောင်ရွက်ခြင်း

တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများနှင့် ဘေးသင့်သူများအား သယ်ယူပို့ဆောင်ရန်အတွက် လေယာဉ်များကို လည်းကောင်း၊ မှန်ကန်သော သတင်းအချက်အလက်များအား မီဒီယာများမှတစ်ဆင့် အများပြည်သူထံ ထုတ်လွှင့် ရန် လည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရန် (သို့မဟုတ်) ပျက်စီးနေသော အဆောက်အအုံများအား ဖြိုချဖျက်ဆီးရန်အတွက် အကြီးစား ပစ္စည်းကိရိယာများစသည့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ် သည့် အရင်းအမြစ်များအား ပုဂ္ဂလိကကဏ္ဍမှ ရယူနိုင်ပါသည်။ အဆိုပါ အရင်းအမြစ်များအား ချက်ချင်းထောက်ပံ့မှု ပြုနိုင်ရန်အတွက် ကြိုတင်သဘောတူညီမှုများ ပြုလုပ်ထားရပါမည်။ ကြိုတင်သဘောတူညီမှုများ ပြုလုပ်ထားခြင်း

မရှိပါကအဆိုပါအရင်းအမြစ်များအားချက်ချင်းအသုံးပြုနိုင်ရန်အတွက်အမျိုးသားကော်မတီမှသက်ဆိုင်ရာလုပ်ငန်း ကော်မတီများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းမှုများ ပြုလုပ်ရပါမည်။

### ၄.၂.၅။ နိုင်ငံတော်အဆင့်နှင့် လူမှုအဖွဲ့အစည်းများ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း

လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများနှင့် ချိတ်ဆက်၍ ပါဝင်ဆောင်ရွက်နိုင်သည်။ အဆိုပါ အဖွဲ့များသည် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးကို ခန့်အပ်လျက် အဆိုပါပုဂ္ဂိုလ်မှ ၎င်းတို့ ပါဝင်ဆောင်ရွက်လိုသော တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများအလိုက် လုပ်ငန်းကော်မတီများနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်သည်။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် ၎င်းတို့ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအား လုပ်ငန်းကော်မတီများထံ အသိပေးတင်ပြသွားရန် ဖြစ်ပါသည်။ တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တင်ပြလာသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ အဆိုပြုချက်များအား သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ စိစစ်ခွင့်ပြုပြီးနောက် ဘေးအန္တရာယ် ကျရောက်သည့်ဒေသရှိ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

### ၄.၂.၆။ နိုင်ငံတော်အဆင့်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း ညှိနှိုင်းဆောင်ရွက်ခြင်း

အင်အားပြင်း ငလျင်အန္တရာယ်ဖြစ်ပွားသည့်အချိန်တွင် နိုင်ငံတွင်းရှိအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အရင်းအမြစ်များ လုံလောက်မှုမရှိပါက အစိုးရသည် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီကို ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာန (သို့မဟုတ်) AHA Centre နှင့် အဓိက ဆက်သွယ် ဆောင်ရွက်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အကူအညီကို တောင်းခံနိုင်ပါသည်။ တုံ့ပြန်မှုလုပ်ငန်းများအတွက် စေတနာအလျောက် အကူအညီပေးအပ်လိုသည့် နိုင်ငံအနေဖြင့် ၎င်းကျွမ်းကျင်ရာ လုပ်ငန်းရပ်များနှင့် ပေးအပ်လိုသည့် အကူအညီကို AHA Centre မှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ရမည်။ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် အခါ အချို့သော ပြည်ဝင်ခွင့်ဗီဇာနှင့် လုံခြုံရေးအရ လုပ်ဆောင်ရမည့် ကိစ္စရပ်များအား နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းကော်မတီမှ ကူညီဆောင်ရွက်သွားရန် ဖြစ်ပါသည်။ အလားတူ ဘေးသင့်သူများအနေဖြင့် ဆေးကုသရန် နိုင်ငံပြင်ပသို့ထွက်ခွာရန် လိုအပ်ပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းလျက် လိုအပ်သည်များအား စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်သည်။

### ၄.၂.၇။ အရပ်ဖက် စစ်ဖက် ပူးပေါင်းဆောင်ရွက်မှု

တပ်မတော်အနေဖြင့် ဘူဒိုဇာ၊ ဝန်ချီစက်အစရှိသည့် ငလျင်လှုပ်ပြီးနောက် အပျက်အစီးများရှင်းလင်းရာတွင် လိုအပ်မည့် အကြီးစားစက်ပစ္စည်းများ၊ အဆိုပါ စက်ပစ္စည်းများအား မောင်းနှင်အသုံးပြုနိုင်သည့်သူများ၊ ဆေးဝါးကုသမှု လုပ်ငန်းများနှင့် ရှေးဦးပြုစုခြင်း လုပ်ငန်းများတွင်လည်း ကျွမ်းကျင်မှုရှိသူများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနခွဲနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ပါမည်။ ၎င်းတို့၏ လုံခြုံရေးအတွက်မှု လုံခြုံရေးလုပ်ငန်းကော်မတီမှ တာဝန်ယူဆောင်ရွက်ပါမည်။

### ၄.၂.၈။ နိုင်ငံတော်အဆင့်နှင့် နစ်နိုင်ငံအကြားဖွဲ့စည်းထားသောအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း

ပြည်ပနိုင်ငံများနှင့်အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ ပေးအပ်လိုကြောင်း သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လည်းကောင်း၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တစ်ဆင့်လည်းကောင်း ဆက်သွယ်လာပါက နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်

ဆိုင်ရာလုပ်ငန်းကော်မတီသို့ ဆက်သွယ်ညှိနှိုင်းပေးရန်ဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ကူညီမှုများအား သက်ဆိုင်ရာကော်မတီ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းအဖွဲ့အစည်းများမှ တစ်ဆင့်လည်းကောင်း၊ ဘေးသင့်သူများထံသို့ ပေးပို့ပြီး အဆိုပါဆောင်ရွက်ချက်များအား မှတ်တမ်းထားရှိရန် ဖြစ်ပါသည်။

## ၄.၃။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း

ငလျင်ဘေးအန္တရာယ်စတင် ကျရောက်ချိန်မှစတင်၍ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တူညီမှု မရှိစေရန်နှင့် ဘေးသင့်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လုပ်ငန်းကော်မတီအသီးသီးသည် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းတို့၏ သီးခြား လိုအပ်ချက်များအား ရရှိနိုင်ရန်အတွက် အခြားလုပ်ငန်းကော်မတီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ လုပ်ငန်းကော်မတီအစည်းအဝေးကိုလိုအပ်ပါကနေ့စဉ်ကျင်းပသွားမည်ဖြစ်ပြီးအစည်းအဝေးတွင်လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများမှ အထူးအလေးပေး ဆောင်ရွက်ရန်လိုအပ်သည့် ကွာဟချက်များနှင့် ဘေးအန္တရာယ်ကျရောက်သည့်ဒေသများအတွက် ၎င်းတို့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေအကျဉ်းချုပ်ကို တင်ပြရန်ဖြစ်ပါသည်။

အရေးပေါ်တုံ့ပြန်မှုလုပ်ငန်း ဆောင်ရွက်ပြီးနောက် ပုံမှန်အားဖြင့် (၇၂) နာရီ ကြာမြင့်ပြီးနောက်တွင် အကဲဖြတ်ခြင်းနှင့် အသေးစိတ်လေ့လာဆန်းစစ်မှုကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုလုပ်ငန်းကို လုပ်ငန်းကော်မတီတစ်ခုစီမှ ဥက္ကဋ္ဌများ၏ ဦးဆောင်မှုဖြင့် လေ့လာဆန်းစစ်မှု မေးခွန်းလွှာများအား အသုံးပြု၍ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ လုပ်ငန်းကော်မတီ အသီးသီးအနေဖြင့်လည်း လေ့လာဆန်းစစ်မှု မေးခွန်းလွှာများအား အသင့်ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

## ၅။ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း

ငလျင်လှုပ်ပြီးနောက် သတင်းအချက်အလက်စီမံခန့်ခွဲခြင်းတွင် အချက်အလက်စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ဖြစ်ရပ်နှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေအား အများပြည်သူသို့ အသိပေးခြင်းတို့ ပါဝင်ပြီး သတင်းအချက်အလက် စီမံခန့်ခွဲခြင်းစနစ်တစ်ရပ်အားဘေးအန္တရာယ်မဖြစ်ပွားမီကြိုတင်ပြင်ဆင်ထားသင့်ပါသည်။အချက်အလက်စုဆောင်းရာ၌ အသုံးပြုမည့်နည်းလမ်းနှင့် သတင်းအချက်အလက်မျှဝေခြင်းအတွက် လမ်းညွှန်ချက်နှင့် အချက်အလက်များအား ထိန်းသိမ်းခြင်းများအား အောင်ရွက်ထားရန် လိုအပ်ပြီး၊ ယင်းအချက်များအား တုံ့ပြန်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူအားလုံးမှ နားလည်ရန် လိုအပ်ပါသည်။

### ၅.၁။ လိုအပ်သည့် သတင်းအချက်အလက်များ

ငလျင်လှုပ်ပြီးနောက် အဓိကလိုအပ်သည့် သတင်းအချက်အလက်များတွင် အောက်ပါအချက်များသာမက အခြားအချက်အလက်များလည်း ပါဝင်နိုင်ပါသည်။

(က) နိုင်ငံတော်အဆင့် ဆောင်ရွက်မှုအတွက် ဥပဒေအရ ကြေညာချက်များ ထုတ်ပြန်မှုအခြေအနေ၊

(ခ) ဘေးသင့်ဒေသ၏တည်နေရာ၊ ဆောင်ရွက်ပေးနိုင်မှုနှင့် စေလွှတ်ထားသည့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ အရေအတွက်၊

(ဂ) ငလျင်အန္တရာယ် ကျရောက်သည့်ဒေသနှင့် ငလျင်ပြင်းအား ပမာဏအား ဖော်ပြထားသည့် မြေပုံ၊

(ဃ) လူဦးရေဆိုင်ရာအချက်အလက်များ (တစ်ဦးချင်း နေရပ်စွန့်ခွာရမှု၊ ဘေးလွတ်ရာသို့ ကိုယ်တိုင် ရွှေ့ပြောင်းလာသူများ၊ ထိခိုက်မှု၊ ပျောက်ဆုံးမှုနှင့် သေဆုံးမှုအပါအဝင်) နှင့် အထူးအကူအညီများ လိုအပ်သည့် လူဦးရေဆိုင်ရာ အချက်အလက်များ၊

(င) ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့်အစီအစဉ်များ၊ အချိန်ဇယားများနှင့် ညွှန်ကြားချက်များ (ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ အပါအဝင်စသည့် အဓိကကျသော အခြေခံ အဆောက်အအုံများ)၊

(စ) စက်ကိရိယာများ၊ ကုန်ပစ္စည်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများ အပါအဝင် နိုင်ငံတော်အဆင့်/တိုင်းဒေသကြီး/ပြည်နယ်များမှ ပေးပို့လာမည့် အကူအညီများအား တောင်းခံမှု၊

(ဆ) နိုင်ငံတော်အဆင့်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဦးစားပေးအစီအစဉ်များ သတ်မှတ်ခြင်း၊

(ဇ) ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များဖြစ်သည့် မီးလောင်ခြင်း၊ ဆည်ကျိုးပေါက်ခြင်း၊ မြေပြိုခြင်းအစရှိသည့် ကိစ္စရပ်များအား တုံ့ပြန်နိုင်မှု အခြေအနေ၊

(ဈ) အရေးကြီးအဆောက်အအုံများ၊ ဆိပ်ကမ်းများ၊ လေယာဉ်ကွင်းများ၊ အစိုးရရုံးစိုက်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုအခြေအနေ၊

(ည) တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဓာတုဗေဒဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဘေးအန္တရာယ်များ ဖြစ်နိုင်ခြေ၊

(ဋ) ကယ်ဆယ်ရေးစခန်းများ၊ ကွင်းပြင်ကျယ်များနှင့် ပစ္စည်းထောက်ပံ့မှု အခြေအနေ၊

(ဌ) နေအိမ်များ၊ ယာယီအိမ်ရာအစီအစဉ်များ၊ လျှပ်စစ်မီးပြန်လည် ရရှိမည့်အခြေအနေ၊ အစားအသောက် ဖြန့်ဝေခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ (ရေ၊ အဝတ်အစား) ဖြန့်ဝေမည့် အချိန်ဇယား၊ နေရာများနှင့် ပတ်သတ်သည့်အချက်အလက်များ၊

(၃) စီးပွားရေးကို အဓိက အကျိုးသက်ရောက်မှု ရှိစေသည့် ဝန်ဆောင်မှုစနစ်များ ရပ်တန့်ခြင်းနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းဆိုင်ရာ အချက်အလက်များ၊

## ၅.၂။ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်း

သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသည် သတင်းအချက်အလက် စုဆောင်းခြင်းများနှင့် ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ပျက်စီးမှုအတိုင်းအတာအား သိရှိနိုင်ရေးအတွက် ကနဦး လေ့လာဆန်းစစ်မှု ဆောင်ရွက်နိုင်ရန် လေ့လာဆန်းစစ်မှု မေးခွန်းလွှာအား ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ ကနဦးဆန်းစစ်လေ့လာမှုတွင် တုံ့ပြန်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်မေးခွန်းများ ပါဝင်စေရေးအတွက် လုပ်ငန်းကော်မတီအသီးသီးမှ စိစစ်ဆောင်ရွက်ရန်ဖြစ်သည်။ ကနဦးလေ့လာ ဆန်းစစ်မှုများကို ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုများ အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီမှ ဦးစီးဆောင်ရွက်ရန် ဖြစ်ပါသည်။ စုဆောင်းရရှိသည့် အချက်အလက်များအား သက်ဆိုင်ရာ ကဏ္ဍရပ်အလိုက် လုပ်ငန်းကော်မတီအသီးသီးမှ သုံးသပ်သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာမှုအား အခြေခံ၍ အမျိုးသားကော်မတီ အတွင်းရေးမှူးရုံးမှ အခြေအနေဆိုင်ရာ အစီရင်ခံစာအားပြင်ဆင်ပြီး အမျိုးသားကော်မတီ ဥက္ကဋ္ဌထံသို့ တင်ပြပါမည်။ အခြေအနေဆိုင်ရာ အစီရင်ခံစာသည် ပျက်စီးဆုံးရှုံးမှုပမာဏနှင့် အထူးအလေးထား ဆောင်ရွက်ရမည့် နယ်ပယ်များအား သိရှိစေရန်အတွက် ပေါင်းစပ်ပြုစုထားသည့် အစီရင်ခံစာပုံစံဖြင့် တင်ပြသွားရန် ဖြစ်ပါသည်။ နိုင်ငံတော် သမ္မတထံမှ အတည်ပြုချက်ရယူပြီးနောက် အဆိုပါတရားဝင် သတင်းအချက်အလက်များအား အများပြည်သူ သိရှိစေနိုင်ရန် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ ထုတ်ပြန်ကြေညာရပါမည်။ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း နောက်ဆက်တွဲ ဘေးဥပဒ်များနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများအား အများပြည်သူသိရှိစေရန် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်လွှင့်ရပါမည်။

ပြည်တွင်းမှ သုတေသနပညာရှင်များမှ တုံ့ပြန်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များအား ဖော်ထုတ်ရာတွင် လည်းကောင်း၊ အခြားလုပ်ငန်းကော်မတီများသို့ အချက်အလက်များ ဝေမျှပေးရာတွင်လည်းကောင်း ပံ့ပိုးကူညီမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နေစဉ် ကာလအတွင်း အများပြည်သူထံသို့ မတူညီသည့် သတင်းအချက်အလက်များ မျှဝေခြင်းအား ရှောင်ရှားနိုင်ရန်အတွက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှ အတည်ပြုထားခြင်းမရှိသည့် သတင်းအချက်အလက်များအား ထုတ်ပြန်အတည်ပြုခြင်း မရှိစေရန်နှင့် ခွင့်ပြုချက်မရှိဘဲ သတင်းမှားဖြန့်ဝေသူအား ဥပဒေနှင့်အညီ စိစစ်သွားရန် ဖြစ်သည်။

## ၆။ စီမံခန့်ခွဲမှု၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ

ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်သော စီမံခန့်ခွဲမှုစနစ်ရှိရမည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် အခြား အရင်းအမြစ်များနှင့် ရန်ပုံငွေများအား အဆိုပါစနစ်များနှင့် စီမံချက်များအရ ဘေးသင့်ဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် သက်ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းကော်မတီများမှ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ခွဲဝေသုံးစွဲရမည် ဖြစ်ပါသည်။

### ၆.၁။ စီမံခန့်ခွဲမှု

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအား လျှော့ချနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် ငလျင်အပါအဝင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များအား ရေးဆွဲပြုစုပြီးနောက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် အမျိုးသားကော်မတီသို့ တင်ပြရပါမည်။ အဆိုပါစီမံချက်များတွင် ငလျင်ဘေးအန္တရာယ် စီမံခန့်ခွဲမှု အတွက် သက်ဆိုင်ရာဌာန/ဦးစီးဌာနအလိုက် စီမံထားရှိမှုများ၊ မိမိတို့ဌာန/ဦးစီးဌာနအလိုက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ အတွက် လိုအပ်မည့်အရင်းအမြစ်များအား ဆန်းစစ်လေ့လာ ပြုစုထားသောစာရင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ငလျင်သင်္ကာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ခြင်းနှင့် စီမံချက်အား ပြန်လည်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း စသည်တို့ ပါဝင်ရပါမည်။ ထို့ပြင် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေလျာထားချက်အားလည်း အဆိုပါစီမံချက်များတွင် ထည့်သွင်းဖော်ပြရပါမည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင်လည်း အလားတူ စီမံချက်များအား ရေးဆွဲပြီးနောက် သက်ဆိုင်ရာအဆင့်အသီးသီးသို့ တင်ပြရပါမည်။ အဆိုပါစီမံချက်များအား ပြန်လည်သုံးသပ်ပြီးနောက် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်းအား အနည်းဆုံး နှစ်နှစ်တစ်ကြိမ် ဆောင်ရွက်ရပါမည်။

### ၆.၂။ အရင်းအမြစ်များ

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မည့် အရင်းအမြစ်များအား ဝန်ကြီးဌာနအလိုက် စာရင်းပြုစုထားပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် အမျိုးသားကော်မတီထံသို့ တင်ပြရပါမည်။ အဆိုပါ အရင်းအမြစ်များစာရင်းအား ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ဖြည့်စွက်ပြင်ဆင်ခြင်း၍ အမျိုးသားကော်မတီသို့ တင်ပြရပါမည်။ အဆိုပါ အရင်းအမြစ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ၊ ပစ္စည်းများနှင့် ငွေကြေးဆိုင်ရာ အရင်းအမြစ်များစသည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များ အပါအဝင် အခြားအရင်းအမြစ်များ ပါဝင်ပါသည်။

(က) **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း။** မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည့်သူများနှင့် ဘေးသင့်သူများအတွက် ယာယီခိုလှုံရာနေရာများ၊ ယာဉ်၊ ယန္တရား၊ ပစ္စည်းများနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းအတွက် အခြားလိုအပ်သည့် အရင်းအမြစ်များ။

(ခ) **လုံခြုံရေး။** ဘေးသင့်သူများနှင့် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအား လုံခြုံရေးစောင့်ရှောက်မှုများပေးမည့် လုံခြုံရေးဝန်ထမ်းများ။

(ဂ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်း။** အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများ၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းလာသူများ၊ ဒဏ်ရာရရှိသူများနှင့် နေရပ်စွန့်ခွာလာသည့် ဒေသခံများအား ရွှေ့ပြောင်းရန်နှင့် ဆေးဝါးနှင့် အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန်အတွက် လိုအပ်သည့်ယာဉ်နှင့် လူနာတင်ယာဉ်များ၊ စက်သုံးဆီများ၊ လေဆိပ်များ၊ ရဟတ်ယာဉ်ဆင်းကွင်းများ၊ အပျက်အစီးများ ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊

သယ်ပို့ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် အကြီးစား စက်ပစ္စည်း ကိရိယာများနှင့် ၄င်းပစ္စည်း ကိရိယာများအား အသုံးပြုမောင်းနှင်သူများ။

(ဃ) **ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်း။** အရေးပေါ် အသက်ကယ်ကိရိယာများ၊ ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ စိတ်ကျန်းမာရေးအတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးမည့်သူများ။

(င) **အခြေခံဝန်ဆောင်မှုများ။** လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပါက ချက်ချင်းအစားထိုး အသုံးပြုနိုင်မည့် စနစ်များ (ဥပမာ-ဆိုလာစွမ်းအင်သုံးစနစ်များ)၊ ဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် အရေးပေါ် ဆက်သွယ်ရေးစနစ်များနှင့် လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေရေးစနစ်စသည်တို့ ပျက်ဆီးသွားပါက ပြန်လည် ပြုပြင်မည့် အဖွဲ့များ။

(စ) **အခြား။** အဆောက်အအုံ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ပျက်စီးသွားသော အဆောက်အအုံများအား အန္တရာယ်ရှိ/မရှိ စစ်ဆေးအတည်ပြုမည့် အရည်အသွေးပြည့်မီသော အင်ဂျင်နီယာများ၊ သေဆုံးသူ ရုပ်အလောင်းများကို စနစ်တကျ စွန့်ပစ်ရန်နေရာများနှင့် ဝန်ထမ်းများနှင့် အခြားလိုအပ်သည့် အရင်းအမြစ်များ။

(ဆ) **ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ။** ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများ အပါအဝင် အခြားလူ့စွမ်းအားအရင်းအမြစ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ငွေကြေး ရန်ပုံငွေများ၊ အရေးပေါ် စီမံချက်များ။

သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ အနေဖြင့် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအမြစ်များ လုံလောက်မှု မရှိပါက ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ရယူအသုံးပြုရမည် ဖြစ်ပါသည်။

## ၆.၃။ ရန်ပုံငွေ

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရနှင့် အခြားသော ပေါင်းစပ်ပါဝင် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများတွင် အောက်ဖော်ပြပါ ရန်ပုံငွေများနှင့် စီမံချက်များ အပါအဝင် အခြားရန်ပုံငွေ ရရှိနိုင်သည့် နည်းလမ်းများ ရှိပါသည်။ အဆိုပါရန်ပုံငွေများ လုံလောက်မှုမရှိပါက ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှသော်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများမှ ရယူသုံးစွဲနိုင်ပါသည်။

### ၆.၃.၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) အရ တုံ့ပြန်ရေးလုပ်ငန်းများ ပါဝင်သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် အမျိုးသားကော်မတီသည် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို ထူထောင်ခွင့်ရှိပါသည်။ ရန်ပုံငွေတွင် နိုင်ငံတော်အဆင့် ရန်ပုံငွေမှ ခွဲဝေရရှိမှုများ၊ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသတွင်းရှိ ပြင်ပအဖွဲ့အစည်းများ၏လှူဒါန်းမှုများ၊ ပြည်တွင်း/ပြည်ပနှင့် အခြား အရင်းအမြစ်များမှ ချေးငွေများ ပါဝင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များသည်လည်း အလားတူရန်ပုံငွေ လုပ်ငန်းစဉ်တစ်ရပ်ကို သတ်မှတ်ထူထောင်နိုင်ပါသည်။ ငလျင်အန္တရာယ်ကျရောက်ပါက အဆိုပါ ရန်ပုံငွေများအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းကော်မတီများသို့ ထုတ်ပေးနိုင်ပြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် ရန်ပုံငွေများအား ထုတ်ယူ၊ ဖြန့်ဝေသုံးစွဲနိုင်ရန်အတွက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

### ၆.၃.၂။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ

ကနဦးလေ့လာဆန်းစစ်မှုတွင် ပါရှိသော သတင်းအချက်အလက်များအရ အဆိုပြုလွှာတင်ပြမှုအပေါ် မူတည်ပြီး ကုလသမဂ္ဂဦးဆောင်သော လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့၏ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ (Central Emergency Response Fund-CERF) အား ရရှိအသုံးပြုနိုင်မည် ဖြစ်ပါသည်။ အဆိုပါ ရန်ပုံငွေအား သောက်သုံးရေ၊ စားနပ်ရိက္ခာနှင့် ခိုလှုံရာနေရာများ ဖြည့်ဆည်းပေးခြင်းနှင့် အပျက်အစီးများ ရှင်းလင်းခြင်းစသည့် လုပ်ငန်းများအတွက် အသုံးပြုရန် ဖြစ်ပါသည်။ ထို့အပြင် လေ့လာဆန်းစစ်မှု လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (ရုံးချုပ်)၏ အရေးပေါ် အခြေအနေများအတွက် တုံ့ပြန်ရေးယူနစ်မှတစ်ဆင့် အဆိုပြုလွှာတင်၍ ရန်ပုံငွေများလည်း လျှောက်ထားနိုင်ပါသည်။

### ၆.၃.၃။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နှစ်အလိုက်အရေးပေါ်စီမံချက်

နှစ်အလိုက်အရေးပေါ်စီမံချက်များသည် ငွေကြေးနှင့် ပတ်သက်သည့် အခန်းကဏ္ဍများ ပါဝင်မှုမရှိသော်လည်း အများအားဖြင့် ဘေးအန္တရာယ်တစ်ခုကျရောက်ပါက လုပ်ဆောင်ရန် လိုအပ်သည့်အရာများအား ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂဦးဆောင်သော လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့တွင် အစိုးရအား ထောက်ပံ့ပေးရန်အတွက် အရေးပေါ်အခြေအနေတွင် လိုအပ်မည့် ပစ္စည်းများရှိသော်လည်း များသောအားဖြင့် အဆိုပါ ပစ္စည်းများမှာ လုံလောက်မှုမရှိဘဲ လျှောင်ကဲ့သို့သော အင်အားကြီးမားသော ဘေးအန္တရာယ်များ တွေ့ကြုံရပါက ထပ်မံလိုအပ်သည့် ပစ္စည်းများအား ခွဲဝေအသုံးပြုရန် လိုအပ်ပါသည်။

### ၆.၃.၄။ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ

ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အလှူရှင်များသည် ကူညီထောက်ပံ့မှုများ ပေးအပ်ခြင်းမပြုမီ အကူအညီပေးအပ်ရန် လိုအပ်ချက်များကို ကြိုတင်သိလိုကြပါသည်။ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် အရေးပေါ် လိုအပ်ချက် လေ့လာဆန်းစစ်မှု ဆောင်ရွက်ပြီးနောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌထံသို့ အစီရင်ခံစာ တင်ပြရန်၊ ယင်းအစီရင်ခံစာတွင် ထိခိုက်ပျက်စီးမှု အခြေအနေ၊ အစီရင်ခံစာတင်ပြချိန်အထိ အစိုးရမှ ကူညီဆောင်ရွက်ပေးထားမှုနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ပေးအပ်ထားသည့် အကူအညီများကိုလည်းကောင်း၊ အကူအညီပေးအပ်ရန် လိုအပ်လျက်ရှိသည့်နေရာ၊ လိုအပ်သည့် အကူအညီများကို ခန့်မှန်းကုန်ကျစရိတ်ဖြင့်လည်းကောင်း ထည့်သွင်းဖော်ပြရန် ဖြစ်ပါသည်။ ယင်းအစီရင်ခံစာကို သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းကော်မတီတို့သို့ ပေးပို့သွားရန် ဖြစ်ပါသည်။ အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း ကော်မတီတို့သည် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှု အခြေအနေနှင့် အကူအညီလိုအပ်မှုများကို သတင်းထုတ်ပြန်ခြင်း၊ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အလှူရှင်များသို့ အသိပေးလျက် အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ဆက်လက်၍ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသည် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုနှင့် ဘေးဒဏ်ခံရသူများအတွက် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများနှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေကို ပုံမှန်ထုတ်ပြန်ပေးရန်ဖြစ်ပြီး နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီသည် လိုအပ်ပါက အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများကို ဖိတ်ကြား၍ အကူအညီများ ပေးအပ်ရေး ကတိကဝတ်ပြုသည့် ညီလာခံ (Pledging Conference) အား ကျင်းပရန် ဖြစ်ပါသည်။

### ၆.၃.၅။ ပုဂ္ဂလိက ကဏ္ဍမှ အလှူငွေများ

ပုဂ္ဂလိကကဏ္ဍသည် တုံ့ပြန်မှုလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာနှင့် အခြားပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ပါသည်။ အဆိုပါကူညီမှုများ လိုအပ်လျက်ရှိသည့် လုပ်ငန်းကော်မတီများသို့ အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် တိုက်ရိုက် ပေးပို့ပြီး၊ ငွေကြေးကူညီမှုများအတွက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ ပေးပို့ရန် ဖြစ်ပါသည်။ အဆိုပါ ရန်ပုံငွေများအား သင့်လျော်သည့် လုပ်ငန်းကော်မတီများထံသို့ လွှဲပြောင်းပေးရန် အမျိုးသား ကော်မတီမှ ခွင့်ပြုပေးနိုင်ပါသည်။

## ၇။ ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းခြင်း

လျောင်ဘေးအန္တရာယ်အား ချက်ချင်းတုံ့ပြန်ဆောင်ရွက်မှုမှာ ပြည်သူလူထု၏အသက်များအား ကယ်တင်ရေး၊ ဘေးသင့်သူများအတွက် လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြေအနေတည်ငြိမ်မှု ရှိလာစေရေးတို့ကို ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အချိန်ကာလတစ်ခုရောက်သည့်အခါ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မှုအား ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းရန် ဖြစ်ပါသည်။ အိမ်ရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှု၊ ပြည်သူလူထုထံ တိုက်ရိုက်သက်ရောက်မှုများနှင့် ဒေသ၏စီးပွားရေးအပေါ် သက်ရောက်မှုအခြေအနေပေါ် မူတည်၍ လျောင်ဘေးဒဏ်မှ အပြည့်အဝ ပြန်လည်ထူထောင်မှုလုပ်ငန်းများမှာ နှစ်ရှည်ကြာမြင့်မည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လူထု၏ ယုံကြည်ချက်များ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လျင်မြန်စွာ စတင်ရန် လိုအပ်ပါသည်။

တုံ့ပြန်မှုလုပ်ငန်းမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ ပြောင်းလဲရခြင်း၏ အကြောင်းအရင်းများတွင် အောက်ပါအခြေအနေများ ပါဝင်ပါသည်။

- (က) လျောင်၏နောက်ဆက်တွဲ ဘေးအန္တရာယ်ဖြစ်သည့် မီးလောင်ခြင်းဖြစ်ပွားခဲ့ပါက မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အဆုံးသတ်ခြင်း၊
- (ခ) ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ပြီးဆုံးခြင်း၊
- (ဂ) တုံ့ပြန်မှုလုပ်ငန်းများအတွက် ပေးအပ်ထားသည့် အထောက်အပံ့ပစ္စည်းများအား ဖြန့်ဝေမှု ပြီးဆုံးခြင်း၊
- (ဃ) ကာကွယ်စောင့်ရှောက်ရေးနှင့် ကယ်ဆယ်ရေးစခန်း လည်ပတ်မှုများ တည်ငြိမ်မှုရှိခြင်းနှင့် ကယ်ဆယ်ရေးစခန်းရှိ လူဦးရေမှာ နေ့စဉ်လျော့နည်းလာခြင်း၊
- (င) နောက်ဆက်တွဲ လျောင်ငယ်များလှုပ်ခတ်မှု အကြိမ်အရေအတွက် နည်းပါးလာပြီး နောက်ဆက်တွဲ လျောင်ငယ်များကြောင့် လူနှင့်ပစ္စည်းဥစ္စာများအပေါ် ထိခိုက်ဆုံးရှုံးမှုအဆင့် အနည်းဆုံးအဆင့်အထိ လျော့ကျသွားခြင်း၊
- (စ) အများပြည်သူအား ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများအား ပြန်လည် ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်း၊
- (ဆ) ဘေးသင့်ဒေသရှိ အကူအညီပေးရေးဌာနများမှ လုပ်ငန်းများ ပုံမှန်ဆောင်ရွက် လျက်ရှိခြင်း၊

အဆိုပါ အခြေအနေတွင် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား အဆင့်တစ်ခုအထိ လျှော့ချရန် စဉ်းစားခြင်း (သို့မဟုတ်) ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် ပြောင်းလဲခြင်းကို (၇၂) နာရီမှ (၇) ရက်အတွင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အမျိုးသားကော်မတီဥက္ကဋ္ဌသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကိုရပ်နားပြီးနောက် ပြန်လည်ထူထောင်ရေးအဆင့်သို့ ပြောင်းလဲသတ်မှတ်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်ရမည်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားဆက်စပ်ပါဝင်သူများမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

# နောက်ဆက်တွဲ (က)

## ပြင်းထန်သော ငလျင်ကြီးဖြစ်ပေါ်သည့်အခြေအနေတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးမှ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းတာဝန်များ။

### က။ အရေးပေါ်အခြေအနေ အဆင့်(၁) အဖြစ် သတ်မှတ်ခြင်း

- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးသည် သက်ဆိုင်ရာဒေသန္တရအုပ်ချုပ်ရေးအဖွဲ့မှလည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအောက်ရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနမှလည်းကောင်း၊ အခြား တစ်နည်းနည်းဖြင့်လည်းကောင်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်းနှင့် ကနဦး ပျက်စီးဆုံးရှုံးမှုသည်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေအရအမျိုးသားအဆင့်မှစီမံဆောင်ရွက်ရန်လိုအပ်သည့် အရေးပေါ်အခြေအနေ အဆင့်(၁) ဟု ယူဆရန်ရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂) တို့ထံသို့ ချက်ချင်းအကြောင်းကြားပါမည်။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးသည် ငလျင်လှုပ်ခတ်သောဒေသ၏ အုပ်ချုပ်မှုအာဏာပိုင် (သို့မဟုတ်) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ (နှင့်/သို့မဟုတ်) အတွင်းရေးမှူးထံမှ ရနိုင်သမျှ အရေးပေါ်အခြေအနေ အချက်အလက်များကို စုစည်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂) တို့ထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြပါမည်။
- ထပ်မံရရှိသောပျက်စီးဆုံးရှုံးမှု ကနဦးသတင်းများအရ အရေးပေါ်အခြေအနေသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု နည်းဥပဒေပုဒ်မ (၃၁) အရ အမျိုးသားအဆင့်မှ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆပါက အမျိုးသားကော်မတီအတွင်းရေးမှူးမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂) တို့ထံသို့ အရေးပေါ်အခြေအနေ အဆင့် (၁) ဟု အတည်ပြုသတ်မှတ်ပေးနိုင်ရေး တင်ပြပါမည်။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ(၂)/အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ/ဒုတိယသမ္မတ (၂) ထံသို့ အရေးပေါ်အခြေအနေ အဆင့် (၁) ဟု အတည်ပြုသတ်မှတ်ပေးရန် တင်ပြပါမည်။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ/ဒုတိယသမ္မတ (၂) မှ အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် သတ်မှတ်ရန် အတည်ပြုပါက လုပ်ငန်းကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းအသီးသီးကို အခန်း(ဃ)တွင် ဖော်ပြထားပါသည်။

### ခ။ ဒုတိယသမ္မတ (၂) / အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များ

- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ(၁၁)အရငလျင်ကြောင့်အောက်ပါထူးခြားသည့်အခြေအနေများ ဖြစ်ပေါ်ပါက အဆိုပါဒေသအား သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံသို့ ဆောလျင်စွာတင်ပြပါမည်-
  - ◻ လူနှင့်တိရစ္ဆာန် အများအပြား သေကြေပျက်စီးဆုံးရှုံးခြင်း။
  - ◻ အခြေခံအဆောက်အအုံများ၊ ပစ္စည်းဥစ္စာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်း။

- လုံခြုံရေး၊ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် လူမှုရေးကိစ္စရပ်များ ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးခြင်း။
- သဘာဝပတ်ဝန်းကျင်ကိုဆိုးရွားစွာ ထိခိုက်ဆုံးရှုံးစေခြင်း။
- ဘေးသင့်ဒေသ၏ အခြေအနေသည် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း။

- ဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ကြေညာမည့် နယ်မြေဒေသအပိုင်းအခြားကို တင်ပြပါမည်။
- သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသအဖြစ် ကြေညာမှုတည်မြဲချိန်မှာ ကနဦးကြေညာချိန်မှ (၂)လ အထိ ဖြစ်သည်။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌသည် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု တစ်ရပ်လုံးအပေါ် တာဝန်ယူညွှန်ကြားသူ (central commander) ဖြစ်ပါသည်။
- အရေးပေါ်အခြေအနေအဆင့် (၁) ဟု အတည်ပြုသတ်မှတ်ပြီးသည်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီ အရေးပေါ်အစည်းအဝေးကို ချက်ချင်းခေါ်ယူရပါမည်။
- အဆိုပါအစည်းအဝေးတွင် ငလျင်၏ ပျက်စီးမှုအခြေအနေဆိုင်ရာ သတင်းအချက်အလက်များ(ရနိုင်သမျှ)အပေါ် မူတည်၍ ဘေးအန္တရာယ်တုံ့ပြန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းသတ်မှတ်ပါမည်။
- ငလျင်ဒဏ်သင့်ခံရသောဒေသသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ကိုယ်တိုင်သော်လည်းကောင်း၊ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူသော်လည်းကောင်း (၂၄)နာရီအတွင်း ကွင်းဆင်းသွားရောက်ရပါမည်။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဥက္ကဋ္ဌသည် နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အကူအညီတောင်းခံရန်၊ ငလျင်ဖြစ်ပေါ်ပြီး (၅) ရက်မှ (၇)ရက်အတွင်း Flash Appeal တင်သွင်းရန် ကိစ္စရပ်များကို ဆုံးဖြတ်ညွှန်ကြား တာဝန်ပေးနိုင်ပါသည်။

## ဂ။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၏လုပ်ငန်းတာဝန်များ

- အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကိုယ်စားပြောရေးဆိုခွင့်ရှိသူ (Spoke Person) ဖြစ်ပါသည်။
- လုပ်ငန်းကော်မတီအားလုံးသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center – DMC) တွင် (၂၄) နာရီရုံးခန်းဖွင့် လုပ်ငန်းလည်ပတ်ပါမည်။ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန၏ ဦးစီးအုပ်ချုပ်သူ (Head of DMC Office) ဖြစ်ပါသည်။
- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအောက်ရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Center – EOC) သည် အမျိုးသားကော်မတီအတွက် လိုအပ်သော ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနနှင့် တွဲဖက်လုပ်ငန်း ဆောင်ရွက်စေပါမည်။
- (အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များ၏ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အောက်တွင် ဖော်ပြထားပါသည်။)

## ဃ။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များ

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။<br>**ဒုတိယဥက္ကဋ္ဌ**<br>ဒုတိယဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာန။<br>**အဖွဲ့ဝင်များ**<br>(၁) ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန။<br>(၂) အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန။<br>(၃) အမြဲတမ်းအတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန။<br>(၄) အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။<br>(၅) အမြဲတမ်း အတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။<br>(၆) အမြဲတမ်း အတွင်းဝန်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။<br>(၇) အမြဲတမ်း အတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။ | **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များ**<br>**၁-၁** အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်-<br>၁-၁-၁ အမျိုးသားကော်မတီဥက္ကဋ္ဌမှ အစည်းအဝေးများအားခေါ်ယူရန် ညွှန်ကြားလာပါက အမျိုးသားကော်မတီအဖွဲ့ဝင်များအား အကြောင်းကြားပါမည်။<br>၁-၁-၂ အမျိုးသားကော်မတီ အစည်းအဝေးများအတွက် အစီအစဉ်များရေးဆွဲခြင်းနှင့် အခြားလိုအပ်သည်များကို စီစဉ်ပါမည်။<br>၁-၁-၃ အမျိုးသားကော်မတီ အစည်းအဝေးများ၏ ဆွေးနွေးအတည်ပြုချက်များအား မှတ်တမ်းတင်ခြင်း၊ အခြားလုပ်ငန်းကော်မတီများအား ဖြန့်ဝေခြင်းနှင့် အတည်ပြုချက်များအား ဆောင်ရွက်မှုများအပေါ် အမျိုးသားကော်မတီသို့ အစီရင်ခံခြင်း၊ သုံးသပ်ခြင်းများအား ဆောင်ရွက်ပါမည်။<br>၁-၁-၄ ‌လျှော်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် အရေးပေါ်အခြေအနေ အချက်အလက်များကို အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) နှင့် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီမှ ရယူပါမည်။<br>၁-၁-၅ အဆိုပါ အချက်အလက်များပါဝင်သော Situation Report ကို သင့်လျော်သော အချိန်အပိုင်းအခြားအလိုက်ပြုစု၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြပါမည်။<br>၁-၁-၆ အဆိုပါ Situation report အား ထုတ်ပြန်နိုင်ရေးအတွက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ ပေးပို့ပါမည်။<br>၁-၁-၇ လုပ်ငန်းကော်မတီအားလုံး၏ ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များအား သင့်လျော်သော အချိန်အပိုင်းအခြားအလိုက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ သိရှိနိုင်ရန် တင်ပြပါမည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| (၈) အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။<br>(၉) ညွှန်ကြားရေးမှူးချုပ် (၁)ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန။<br>(၁၀) ညွှန်ကြားရေးမှူးချုပ် (၁) ဦး၊ ပညာရေးဝန်ကြီးဌာန။<br>(၁၁) ညွှန်ကြားရေးမှူးချုပ် (၁)ဦး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။<br>(၁၂) ညွှန်ကြားရေးမှူးချုပ် (၁)ဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး။<br>**အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန။ | **အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Center) ၏ လုပ်ငန်းတာဝန်များ။**<br>၁-၂ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံး/ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနနှင့် တွဲဖက်ဆောင်ရွက်မည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာန (Emergency Operation Center) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-<br>၁-၂-၁ အင်အားပြင်းငလျင်ဖြစ်ပေါ်မှုကို သိလျှင်သိချင်း ဘေးသင့်ဒေသရှိ ဒေသအာဏာပိုင် (သို့မဟုတ်) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ပျက်စီးဆုံးရှုံးမှု သတင်းအချက်အလက်များအား ရယူပါမည်။<br>၁-၂-၂ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် မူလမြေငလျင် ဗဟိုချက်တည်နေရာ၊ ဖောက်အနက်၊ ၄င်းဒေသပတ်ဝန်းကျင်တစ်ဝိုက်ရှိ လူဦးရေ၊ အိုးအိမ်အခြေအနေများကို သိရှိနိုင်ရန်အတွက် ရနိုင်သမျှ နည်းလမ်းများဖြင့် အချက်အလက်များ ရယူ၍ ဘေးလွတ်ရာနေရာများသို့ အချိန်မီရွှေ့ပြောင်းပေးနိုင်ရန် Situation Analysis များ ပြုလုပ်ပေးပါမည်။ အထူးသဖြင့် ဆူနာမီဖြစ်ပေါ်နိုင်မှု အခြေအနေကို အမြန်ဆုံးဆန်းစစ်သုံးသပ်ရမည်။ ထိုသို့ သုံးသပ်ရာတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နည်းပညာအကူအညီနှင့် ၎င်းနှင့် ချိတ်ဆက်ထားသော Global, Regional Network တို့ကို အသုံးပြုပါမည်။<br>၁-၂-၃ ဆူနာမီဖြစ်ပေါ်နိုင်ခြင်း ရှိ-မရှိ ဆန်းစစ်သုံးသပ်ချက်ကို ပြည်သူအများသိရှိနိုင်ရေး ထုတ်ပြန်ရန် သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီသို့ ပေးပို့ရပါမည်။<br>၁-၂-၄ ဆူနာမီဖြစ်ပေါ်နိုင်ခြေရှိပါက ငလျင်ဒဏ်သင့်ခံရသော ဒေသရှိ ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များသို့ ချက်ချင်း အကြောင်းကြားရမည်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချက်ချင်း အကြောင်းကြားရမည်။<br>၁-၂-၅ ငလျင်ဘေးဒဏ်ခံရသောဒေသသည် ဧရိယာကျယ်ဝန်းပြီး သွားလာရန် ခက်ခဲသည့်အခြေအနေ ဆိုပါက ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုအခြေအနေများကို မူလအခြေအနေများနှင့် နှိုင်းယှဉ်သိရှိနိုင်ရန် ကမ္ဘာမြေ စောင့်ကြည့်လေ့လာရေး ဂြိုလ်တုများက ရိုက်ကူးပေးထားသည့် ကောင်းကင်ဂြိုလ်တု ပုံရိပ်များဖြင့် ပျက်စီးမှုအခြေအ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | နေများကို အကဲဖြတ်နိုင်ရန်အတွက် သဘာဝဘေးအရေးပေါ် အခြေအနေများတွင် ဂြိုလ်တုပုံရိပ်များ ရယူအသုံးပြုနိုင်ရေးဆိုင်ရာ ဒေသတွင်းနှင့် ကုလသမဂ္ဂ အေဂျင်စီများဖြစ်သော Sentinal Asia နှင့် International Space and Major Disaster တို့ထံသို့ ဆက်သွယ်၍ ဘေးဖြစ်ပွားပြီး နောက်ဆုံးအခြေအနေပြ ဂြိုလ်တုပုံရိပ်များနှင့် မြေပုံများကို တောင်းခံရယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |
| | ၁-၂-၆ EOC သည် မြေပြင်သတင်းနှင့် ကောင်းကင်ဂြိုလ်တုပုံရိပ်စသည်တို့မှရရှိသော အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အတွင်းရေးမှူးရုံးသို့ အစီရင်ခံပါမည်။ |
| | ၁-၂-၇ ရရှိလာသော ဂြိုလ်တုပုံရိပ်များနှင့် မြေပုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ ရှင်းလင်းတင်ပြပါမည်။ |
| | ၁-၂-၈ "ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ"မှလည်း အရေးပေါ်အခြေအနေ အဆင့်(၁)ဟု ကြေညာပြီးနောက် (၂၄) နာရီအတွင်း ငလျင်ဘေးဒဏ်ခံရသော ဒေသရှိ ကနဦးရရှိသည့် သတင်းအချက်အလက်များနှင့် လိုအပ်သည့် သတင်းအချက်အလက်များအား ရယူဆန်းစစ် သုံးသပ်အတည်ပြုကာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူးရုံးသို့ ပေးပို့လာမည်ဖြစ်ရာ EOC မှ ရရှိထားသော မြေပြင်သတင်းနှင့် ကောင်းကင်ဂြိုလ်တုပုံရိပ်စသည်တို့မှရရှိသော အချက်အလက်များနှင့် တိုက်ဆိုင်သုံးသပ်စိစစ်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပါမည်။ |
| | ၁-၂-၉ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအားအကဲဖြတ်ခြင်းနှင့် အတည်ပြုခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအား ပေးပို့တင်ပြပါမည်။ |
| | ၁-၂-၁၀ အမျိုးသားကော်မတီ အတွင်းရေးမှူး၏ ဦးဆောင်မှုဖြင့် Situation Reportအား အချိန်အပိုင်းအခြား အလိုက်ပြုစုပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များရရှိနိုင်ရေး မြေပြင်ရှိ ဘေးသင့်ခံဒေသရှိဌာန၊ အဖွဲ့အစည်းများထံမှ ရယူစုစည်းပေးပါမည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၁-၂-၁၁ ASEAN တွင် သဘောတူထားသော Standard Operating Procedure for Regional Arrangements and Coordination of Joint Disaster Relief and Emergency Response Operations (SASOP) အရ အာဆီယံ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management - AHA Centre) သို့ ပျက်စီးဆုံးရှုံးမှု အချက်အလက်များကို Web EOC, What'sApp for ASEAN EOC Group များမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပေးပို့ပါမည်။<br>၁-၂-၁၂ SASOP မှ သတ်မှတ်ချက်အရ ငလျင်ဖြစ်ပေါ်ပြီးနောက် (၃)နာရီ အတွင်း Form A ကို အသုံးပြု၍ AHA Center သို့ ငလျင်နှင့် စပ်လျဉ်းသော အချက်အလက်များကို ပေးပို့ရပါမည်။<br>၁-၂-၁၃ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ ထူးခြားသည့် အခြေအနေများရှိပါက အခါအားလျော်စွာ AHA Center သို့ Form A ကို အသုံးပြု၍ ဆက်လက် သတင်းပေးပို့ရမည် ဖြစ်ပြီး၊ ပုံမှန် update ကို နေ့စဉ် ဂျကာတာစံတော်ချိန် နံနက် (၉)နာရီ/ မြန်မာစံတော်ချိန် နံနက် (၀၈:၃၀) နာရီတွင် ပေးပို့ရပါမည်။ AHA Center မှ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသို့ ဆက်လက် သတင်းပေးပို့မည် ဖြစ်ပါသည်။<br>၁-၂-၁၄ ASEAN နိုင်ငံများမှ အကူအညီတောင်းခံရန် လိုအပ်ပါက နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီမှ တရားဝင်အကူအညီ တောင်းခံမှုဆောင်ရွက်နိုင်ရန် EOC မှ လိုအပ်သော အချက်အလက်များ ပံ့ပိုးခြင်း၊ AHA Center နှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါမည်။ |
| | **ငလျင်လှုပ်ပြီးနောက် ၂၄ နာရီအတွင်း လုပ်ဆောင်ရန်**<br>၁-၃ ဘေးသင့်ခံပြည်သူများအတွက် ထိရောက်သော အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သည် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေ၊ လိုအပ်ချက်များကိုသိရှိရန် ငလျင်ဒဏ်သင့်ခံရသော ဒေသသို့ သွားရောက်ကာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များ၊ ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံရပါမည်။<br>၁-၄ ဘေးသင့်ဒေသတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ (DMC Outreach Branch) အား ဖွင့်လှစ်နိုင်ရန် ကြိုးကြပ်ညွှန်ကြားရပါမည်။ (ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ၏ လုပ်ငန်းတာဝန်များကို သီးခြား ဖော်ပြထားပါသည်။) |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | | |
|---|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ | |
| | ၁-၅ | နေပြည်တော်ရှိ လုပ်ငန်းကော်မတီသည် ငလျင်ဒဏ်ခံရသော ဒေသရှိပြည်သူများအတွက် ပြည်တွင်းအလှူရှင် များမှလှူဒါန်းသော အရေးပေါ် အထောက်အပံ့ အကူအညီများ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီမှတစ်ဆင့် ဆက်သွယ်ပေးပို့လာသော ပြည်ပ အထောက်အပံ့များအား စာရင်းပြုစုလက်ခံရပါမည်။ |
| | ၁-၆ | အဆိုပါ အရေးပေါ် အထောက်အပံ့အကူအညီများအား ဘေးသင့်ရာ ဒေသသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် အခြားသက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ် ဆောင်ရွက်ပါမည်။ |
| | ၁-၇ | ငလျင်ဒဏ်သင့်ခံရသောဒေသနှင့် အနီးဆုံးရှိ ကယ်ဆယ်ရေးသို လှောင်ရုံများမှ အရံသင့်သိုလှောင်ထားသော ထောက်ပံ့ရေးပစ္စည်းများအား ဘေးသင့်ရာဒေသသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေးအတွက် စီစဉ်ညွှန်ကြား ဆောင်ရွက်ပါမည်။ |
| | ၁-၈ | လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။ |
| | ၁-၉ | အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရယူဖလှယ်နိုင်ရန်အတွက် focal တစ်ဦးစီ သတ်မှတ်ထားပေးပါမည်။ |
| | ၁-၁၀ | အဆိုပါ focal မှ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏ လိုအပ်ချက်များနှင့် အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ပါမည်။ |
| | ၁-၁၁ | လုပ်ငန်းကော်မတီ ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီများအတွက် ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။ |
| | ၁-၁၂ | အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များအား လုပ်ငန်းကော်မတီအသီးသီးထံသို့ ပြန်လည် အကြောင်းကြား ညှိနှိုင်းဆောင်ရွက်ပါမည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | **၂၄-၄၈ နာရီ**<br>၁-၁၃ ပြည်တွင်း/ပြည်ပမှ ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများအား စနစ်တကျ လက်ခံရယူပါမည်။<br>၁-၁၄ ပြည်တွင်း/ပြည်ပမှ စဉ်ဆက်မပြတ်ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးများအား အချိန်နှင့် တစ်ပြေးညီ စာရင်းပြုစု၍ ဘေးဒဏ်ခံရသော ဒေသရှိ ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် စီမံခွဲဝေချထားပါမည်။<br>၁-၁၅ ရောက်ရှိလာသော အရေးပေါ်ထောက်ပံ့ပစ္စည်းများကို ဘေးဒဏ်ခံရသောဒေသရှိ ပြည်သူများထံသို့ ရောက်ရှိနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ပါမည်။<br>၁-၁၆ ပြည်တွင်း/ပြည်ပမှ ရရှိသောငွေကြေး လှူဒါန်းမှုစာရင်းများအား ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ပါမည်။<br>၁-၁၇ ဘေးဒဏ်ခံရသောဒေသရှိ ပြည်သူများအတွက် လိုအပ်သော အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ လုံလောက်မှုမရှိပါက ပြည်တွင်းမှ ဝယ်ယူရရှိရန်ဆောင်ရွက်ပါမည်။ ပြည်တွင်းမှ မရရှိနိုင်သော ပစ္စည်းများအား ပြည်ပမှ ဝယ်ယူဆောင်ရွက်ရပါမည်။<br>၁-၁၈ ထောက်ပံ့ရေးပစ္စည်းများဝယ်ယူရန် ဘဏ္ဍာငွေလိုအပ်ချက်ကိုရေးဆွဲပြုစု၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ ပေးပို့တောင်းခံရပါမည်။<br>၁-၁၉ သက်ဆိုင်ရာ focal အသီးသီးမှ လုပ်ငန်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏လိုအပ်ချက်များနှင့် အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ပါမည်။<br>၁-၂၀ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီများအတွက် ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၁-၂၁ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များအား လုပ်ငန်းကော်မတီအသီးသီးထံသို့ ပြန်လည် အကြောင်းကြား ညှိနှိုင်းဆောင်ရွက်ပါမည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| | **၄၈-၇၂ နာရီ**<br>၁-၂၂ ပြည်တွင်း/ပြည်ပမှရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးများအား စနစ်တကျ လက်ခံရယူ ပါမည်။<br>၁-၂၃ ပြည်တွင်း/ပြည်ပမှ စဉ်ဆက်မပြတ်ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးများအား အချိန်နှင့်တစ်ပြေးညီ စာရင်းပြုစု၍ လျှော့ချရေး ဒဏ်ခံရသောဒေသရှိ ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် စီမံခွဲဝေချထားရပါမည်။<br>၁-၂၄ ရောက်ရှိလာသော အရေးပေါ်ထောက်ပံ့ပစ္စည်းများကို ဘေးဒဏ်ခံရသောဒေသရှိ ပြည်သူများထံသို့ ရောက်ရှိနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့်ဆက်သွယ်ဆောင်ရွက်သည်။<br>၁-၂၅ သက်ဆိုင်ရာ focal အသီးသီးမှ လုပ်ငန်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏ လိုအပ်ချက်များနှင့် အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ပါမည်။<br>၁-၂၆ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီများအတွက် ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အမျိုးသားကော်မတီ ဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၁-၂၇ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များအား လုပ်ငန်းကော်မတီအသီးသီးထံသို့ ပြန်လည်အကြောင်းကြား ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | **၇၂ နာရီ- ၇ ရက်**<br>၁-၂၈ ပြည်တွင်း/ပြည်ပမှ ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးများအား စနစ်တကျ လက်ခံ ရယူပါမည်။<br>၁-၂၉ ပြည်တွင်း/ပြည်ပမှ စဉ်ဆက်မပြတ် ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးများအား အချိန်နှင့် တစ်ပြေးညီ စာရင်းပြုစု၍ လျှော့ချရေး ဒဏ်ခံရသော ဒေသရှိပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် စီမံခွဲဝေချထားရပါမည်။<br>၁-၃၀ ရောက်ရှိလာသော အရေးပေါ်ထောက်ပံ့ပစ္စည်းများကို ဘေးဒဏ်ခံရသောဒေသရှိ ပြည်သူများထံသို့ ရောက်ရှိနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့်ဆက်သွယ်ဆောင်ရွက်သည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
| --- | --- |
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၁-၃၁ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီမှ ပြည်ဝင်ခွင့် ခွင့်ပြုပြီးသော ပြည်ပအဖွဲ့အစည်းများအား ဘေးအန္တရာယ်ကျရောက်သောဒေသတွင် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ငန်းဆောင်ရွက် ခွင့်ပြုရေး၊ နေရာနှင့်လုပ်ငန်းများ အတည်ပြုသတ်မှတ်ပေးခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ပေးခြင်းတို့ကိုဆောင်ရွက်ပေးပါမည်။<br>၁-၃၂ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့နှင့်ပူးပေါင်းညှိနှိုင်းပြီး နိုင်ငံတကာမှ ထောက်ပံ့ပေးမှုများနှင့် ပတ်သက်၍ ဘဏ်စာရင်းဖွင့်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများအား ဆောင်ရွက်ပါမည်။<br>၁-၃၃ သက်ဆိုင်ရာ focal အသီးသီးမှ လုပ်ငန်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏လိုအပ်ချက်များနှင့် အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ပါမည်။<br>၁-၃၄ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီများအတွက် ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၁-၃၅ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များအား လုပ်ငန်းကော်မတီအသီးသီးထံသို့ ပြန်လည်အကြောင်းကြား ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | **လျောင်ဒဏ်သင့်ခံရသော ဒေသတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ**<br>၁-၃၆ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲကို ဘေးအန္တရာယ်ဖြစ်ပေါ်သောဒေသတွင်ဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အရေးပေါ် အခြေအနေအဆင့်(၁)တွင် အမျိုးသားအဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအဆင့်တို့နှင့် ဟန်ချက်ညီညီပူးပေါင်းလျက် ဘေးအန္တရာယ်အပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းကို ထိရောက်စွာထိန်းချုပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။<br>၁-၃၇ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ၏ အဓိကတာဝန်မှာ နေပြည်တော်ရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနအား မြေပြင်အခြေအနေများကို အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန် ဆက်သွယ်အစီရင်ခံခြင်း၊ နေပြည်တော်ရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန၏ ဦးဆောင်ညွှန်ကြားမှုများကို မြေပြင်တွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဘေးအန္တရာယ်ဖြစ်ပေါ်သောဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းကော်မတီအသီးသီးမှစေလွှတ်သော Mobile Teamများ၏ လုပ်ငန်းဆောင်ရွက်မှုများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။ |

ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| | ၁-၃၈ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲ၏ ဦးစီးအုပ်ချုပ်သူကို ခန့်ထားတာဝန်ပေးအပ်ရပါမည်။ |
| | ၁-၃၉ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ၏ ဦးစီးအုပ်ချုပ်သူသည် မြေပြင်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်မှုအားလုံး၏ Focal ဖြစ်ပါသည်။ အမျိုးသားအဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ငလျင်ဒဏ်ခံရသောဒေသရှိသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးတွင် ပါဝင်ကူညီပေးသော တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ လူမှုအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရပါမည်။ |
| | ၁-၄၀ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲတွင် ငလျင်ဒဏ်ခံရသော ဒေသရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကိုယ်စားလှယ်များ၊အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းကော်မတီအသီးသီး၏ ကိုယ်စားလှယ်တစ်ဦးစီ၊ နယ်မြေခံတိုင်းစစ်ဌာနချုပ် ကိုယ်စားလှယ်များ ပါဝင်လျက်ဖွဲ့စည်းရပါမည်။ |
| | ၁-၄၁ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဌာနခွဲအနေဖြင့် ငလျင်ဒဏ်ခံရသော ဒေသရှိ သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ စေလွှတ်ထားသော Mobile Team များ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိက ပေါင်းစပ်ညှိနှိုင်းသူအဖြစ် တာဝန်ယူဆောင်ရွက်ရပါမည်။ |
| | ၁-၄၂ လိုအပ်ပါက ဘေးသင့်ဒေသရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှုကို အထောက်အကူပြုရန် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဌာနခွဲ (Mobile EOC) ကို ဖွဲ့စည်းတာဝန်ပေးအပ်စေသည်။ |
| | ၁-၄၃ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲရုံးတွင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အစည်းအဝေးခေါ်ယူပြီး၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီများ၊ ငလျင်ဒဏ်ခံရသောဒေသရှိသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအကူအညီပေးသော တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ လုပ်ငန်းအခြေအနေများ၊ တိုးတက်မှု၊ လိုအပ်ချက်၊ အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ခြင်း၊ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး ချမှတ်ခြင်းဖြင့် ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား ဟန်ချက်ညီညီ ထိထိရောက်ရောက်ဆောင်ရွက်စေရပါမည်။ |
| | ၁-၄၄ သင့်လျော်သော၊ ဘေးကင်းလုံခြုံသော နေရာများတွင် အရေးပေါ်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ညွှန်ကြားရပါမည်။ |

| ဃ-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၁-၄၅ ပြည်တွင်းပြည်ပမှ ပေးပို့လာသော ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများအား စနစ်တကျဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ရပါမည်။ |
| | ၁-၄၆ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ပြည်သူများအား နှစ်သိမ့်ဆွေးနွေးခြင်း လုပ်ငန်းဆောင်ရွက်ရန် လူမှုဝန်ထမ်းဦးစီးဌာနကို တာဝန် ပေးအပ်ဆောင်ရွက်စေပြီး၊ လိုအပ်သည်များ ပံ့ပိုးပေးပါမည်။ |
| | ၁-၄၇ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံးသို့ လုပ်ငန်းဆောင်ရွက်ချက်ကို လျှောင်လှုပ်ခတ်ပြီး (၂၄) နာရီအတွင်း (၂) နာရီခြားတစ်ကြိမ်၊ (၂၄) နာရီမှ (၄၈) နာရီအတွင်း (၄) နာရီခြားတစ်ကြိမ်၊ (၄၈) နာရီမှ (၇၂)နာရီအတွင်း (၆) နာရီခြားတစ်ကြိမ်၊ (၇၂) နာရီမှ (၇) ရက် အတွင်း (၁၂) နာရီခြားတစ်ကြိမ် (သို့မဟုတ်) လိုအပ်ချက်အရ သင့်လျော်သော နည်းလမ်းဖြင့် တင်ပြ အစီရင်ခံရပါမည်။ |
| | ၁-၄၈ လျှောင်လှုပ်ခတ်ပြီး (၇၂) နာရီမှ (၇) ရက်အတွင်း အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နိုင်ရန် အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့်လည်းကောင်း၊ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ ထောက်ပံ့ကူညီသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ အစီအစဉ်များ ရေးဆွဲရပါမည်။ ဥပမာ- Cash for work for debris clearance. |

### ဃ-၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊<br>ပြည်ထဲရေးဝန်ကြီးဌာန။<br>**ဒုဥက္ကဋ္ဌ**<br>ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန။<br>**အဖွဲ့ဝင်များ**<br>(၁) အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန။<br>(၂) အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန။<br>(၃) အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။<br>(၄) အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>(၅) အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။<br>(၆) စစ်ဦးစီးအရာရှိချုပ် (ကြည်း)။ ကာ ကွ ယ်ေ ရး ဦး စီး ချု ပ် ရုံး (ကြည်း)<br>(၇) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။<br>(၈) ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။<br>(၉) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း။<br>**အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန | **လျှော်လှုပ်ပြီးနောက်၂၄ နာရီအတွင်း လုပ်ဆောင်ရန်**<br>၂-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူ ဆောင်ရွက်ပါမည်။<br>၂-၂ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား အမြန်ဆုံးထိရောက်စွာဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းအဖွဲ့များထံမှ လိုအပ်သော သတင်းအချက်အလက်များ (တည်နေရာ၊ အသက်ရှင်ကျန်သူ၊ အဆောက်အအုံအတွင်း ပိတ်မိနေသူ၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သည့် အရင်းအမြစ်များ၊ ဆေးဝါး စောင့်ရှောက်မှုစသဖြင့်) အား ရယူပါမည်။<br>၂-၃ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူအင်အား၊ စက်ပစ္စည်းများ လုံလောက်မှုရှိစေရန် ထောက်ပံ့ပို့ဆောင်ပေးပါမည်။<br>၂-၄ ထိုသို့ပို့ဆောင်ရာတွင် လျင်မြန်မှုရှိစေရန် ဒေသန္တရအစိုးရအဖွဲ့၊ လုံခြုံရေးကော်မတီ၊ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၂-၅ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နှင့် EOC တို့မှ ဆူနာမီဖြစ်ပေါ်နိုင်ခြေရှိကြောင်းထုတ်ပြန်လာပါက ဆူနာမီဖြစ်ပေါ်နိုင်သော ဒေသများရှိ ပြည်သူများ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များသို့ ချက်ချင်း အကြောင်းကြားရမည်။<br>၂-၆ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သယ်ယူ ပို့ဆောင်ရေးယာဉ်များ (လေယာဉ်၊ သင်္ဘော စသဖြင့်) လိုအပ်ပါက ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။လိုအပ်ပါကဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနသို့ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပါမည်။<br>၂-၇ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား (၄) နာရီခြားတစ်ကြိမ် (သို့မဟုတ်) လိုအပ်သလို ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီသို့ သင့်လျော်သည့် နည်းလမ်းဖြင့် တင်ပြအစီရင်ခံပါမည်။ |

| ဃ-၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| **တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ၂-၈ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သောလုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။<br>၂-၉ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးနှင့် အရံတစ်ဦး သတ်မှတ်ထားပေးပါမည်။<br>၂-၁၀ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ရန်နှင့် အားဖြည့်ဆောင်ရွက်ရန် လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဆင့်မြင့် အရာရှိတစ်ဦး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး အထူးအဖွဲ့အား လျင်မြန်စွာ ဘေးအန္တရာယ် ကျရောက်သည့် ဒေသသို့ စေလွှတ်ပါမည်။<br>၂-၁၁ အဆိုပါ အထူးအဖွဲ့သည် လျော်ဒေသသင့်ဒေသတွင် ဖွင့်လှစ်ထားသော"ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ"နှင့်ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရပါမည်။<br><br>**ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**<br>၂-၁၂ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှုနှင့် နည်းစနစ်မှန်ကန်မှုရှိစေရန် ရှာဖွေကယ်ဆယ်ရေး အထူးအဖွဲ့မှ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဦးဆောင်ညွှန်ကြားပါမည်။<br>၂-၁၃ ဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဦးစားပေးအဆင့်များအား အောက်ပါအတိုင်း သတ်မှတ်ပါမည်။<br>(က) ဆေးရုံများနှင့် အရေးပေါ်ဝန်ဆောင်မှုပေးသည့် အရာများ။<br>(ခ) ကျောင်းများ၊ ပညာရေးနှင့် သက်ဆိုင်သော အဆောက်အအုံများ၊<br>(ဂ) နေအိမ်များ/လူနေထူထပ်သောနေအိမ်များ၊<br>(ဃ) တည်းခိုခန်းနှင့် ဟိုတယ်များ၊<br>(င) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ (ဘုန်းကြီးကျောင်း၊ ဗလီ၊ ဘုရားကျောင်း စသည်)၊<br>(စ) ဌာနဆိုင်ရာ အဆောက်အအုံများ |

| ဃ-၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၂-၁၄ ငလျင်ဒဏ်ကြောင့် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ နောက်ဆက်တွဲ ငလျင်ကြောင့် ပြိုကျနိုင်သော အဆောက်အအုံများတွင်နေထိုင်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ယာယီ အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန်အတွက် ဆေးရုံ၊ ဆေးပေးခန်းများသို့ ပို့ပေးခြင်း၊ ထိခိုက်လွယ်သူများအား ဦးစားပေး ကယ်တင်ခြင်းစသည့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား အနီးကပ်ကြီးကြပ်ညွှန်ကြားပါမည်။ |
| | ၂-၁၅ ငလျင်ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သော မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့များနှင့် မီးသတ်ယာဉ်များအား အသင့်ရှိနေစေရန် ကြီးကြပ်ပါမည်။ |
| | ၂-၁၆ လုပ်ငန်းကော်မတီမှတစ်ဆင့် ကျွမ်းကျင်ဓာတုပညာရှင်များ၏ အကြံပြုချက်များရယူကာ ငလျင်ကြောင့် စက်ရုံ၊ အလုပ်ရုံများမှ ရေဒီယိုသတ္တိကြွပစ္စည်းများနှင့် ဓာတုပစ္စည်းများ ထိခိုက်ပျက်စီးမှု အခြေအနေများအား ဆန်းစစ်ပါမည်။ |
| | ၂-၁၇ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်တတ်သည့် အကြီးစားပျက်စီးဆုံးရှုံးမှုများ (အဆောက်အအုံ၊ လမ်း၊ တံတားစသည်တို့ ပျက်စီးမှုများ) ဖြစ်ပေါ်ပါက ကြိုတင်ပြင်ဆင်ထားသည့် အကြီးစားပျက်စီးဆုံးရှုံးမှုများ ပြောင်းရွှေ့ပြင်ဆင်မှု စီမံချက်အတိုင်း ဆောင်ရွက်ပါမည်။ |
| | ၂-၁၈ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ စက်ယန္တရား၊ ပစ္စည်း ကိရိယာများ စသဖြင့်) လုံလောက်မှုမရှိပါက နီးစပ်ရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရှိ အရင်းအမြစ်များရယူနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | ၂-၁၉ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်အားမလုံလောက်သဖြင့် ရဲတပ်ဖွဲ့နှင့် တပ်မတော်၏ အကူအညီ ရယူဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ နယ်မြေခံတပ်ရင်းများ၊ (သို့မဟုတ်) ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရပါမည်။ |
| | ၂-၂၀ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ASEAN နှင့် ပြည်ပနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ခေါ်ယူရန် လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ပါမည်။ |
| | ၂-၂၁ အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပြည်တွင်းသို့ ဝင်ရောက်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် EOC ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |

**ဃ-၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ**

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| | ၂-၂၂ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီသို့ (၂) နာရီခြားတစ်ကြိမ် သင့်လျော်သည့်နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၂၄-၄၈ နာရီ**<br>၂-၂၃ ငလျင်ဒဏ်ကြောင့် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ကယ်တင်ခြင်း၊ နောက်ဆက်တွဲငလျင်ကြောင့် ပြိုကျနိုင်သော အဆောက်အအုံများတွင် နေထိုင်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန်အတွက် ဆေးရုံ၊ ဆေးပေးခန်းများသို့ ပို့ပေးခြင်း၊ ထိခိုက်လွယ်သူများအား ဦးစားပေးကယ်တင်ခြင်း စသည့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား အနီးကပ် ကြီးကြပ်ညွှန်ကြားပါမည်။<br>၂-၂၄ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူအင်အား၊ စက်ပစ္စည်းများအား စာရင်းပြုစုပါမည်။ လုံလောက်မှု မရှိပါက ထပ်မံထောက်ပံ့ပို့ဆောင်ပေးရန် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြအကြောင်းကြားပါမည်။<br>၂-၂၅ အန္တရာယ်ရှိ အဆောက်အအုံများတွင် နေထိုင်သူများအား ကူညီရွှေ့ပြောင်းပေးရန် ဆောင်ရွက်ပါမည်။<br>၂-၂၆ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား (၄) နာရီခြားတစ်ကြိမ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြ အစီရင်ခံပါမည်။ |
| | **၄၈-၇၂ နာရီ**<br>၂-၂၇ ပြင်ပမှရောက်ရှိလာသော ကယ်ဆယ်ရေးအဖွဲ့များနှင့် လူသာချင်းစာနာမှု အကူအညီပေးသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပါမည်။<br>၂-၂၈ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား (၆) နာရီခြားတစ်ကြိမ် အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြအစီရင်ခံပါမည်။ |
| | **၇၂ နာရီ - ၇ ရက်**<br>၂-၂၉ ပြင်ပမှ ရောက်ရှိလာသော ကယ်ဆယ်ရေးအဖွဲ့များနှင့် လူသားချင်းစာနာမှု အကူအညီပေးသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပါမည်။<br>၂-၃၀ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်ရှိပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီသို့ (၁၂) နာရီ ခြားတစ်ကြိမ် (သို့မဟုတ်) လိုအပ်ချက်အရ တင်ပြဆောင်ရွက် ပါမည်။<br>၂-၃၁ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများထဲတွင် အသက်ရှင်လျက်ပိတ်မိနေသူများ မကျန်ရှိကြောင်း သေချာမှသာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းရပါမည်။ |

| ဃ-၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၂-၃၂ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှုကို ဒေသန္တရ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်း/လုပ်ငန်းကော်မတီမှ တာဝန်ယူနိုင်သော အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း ကော်မတီသို့ တင်ပြအတည်ပြုချက် ရယူပြီး၊ ဒေသန္တရ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်း/လုပ်ငန်းကော်မတီသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဦးစီးဆောင်ရွက်ရန် တာဝန်လွှဲပြောင်းပါမည်။<br>၂-၃၃ အထူးအဖွဲ့၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာပြုစု၍ လုပ်ငန်းကော်မတီသို့ တင်ပြပါမည်။ |

<table>
<tr><th colspan="2">ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ</th></tr>
<tr><th>လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ</th><th>အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ</th></tr>
<tr><td>ဥက္ကဋ္ဌ<br>ပြည်ထောင်စုဝန်ကြီး၊<br>ပြည်ထဲရေးဝန်ကြီးဌာန။<br>ဒုဥက္ကဋ္ဌ<br>ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန။<br>အဖွဲ့ဝင်များ<br>(၁) အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန။<br>(၂) အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန။<br>(၃) အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန<br>(၄) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန<br>(၅) ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>(၆) စစ်ဦးစီး (ဗိုလ်မှူးကြီး)၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)<br>အတွင်းရေးမှူး<br>ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>တွဲဖက်အတွင်းရေးမှူး။<br>ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန</td><td>လျှော်လှုပ်ပြီးနောက်၂၄ နာရီအတွင်း လုပ်ဆောင်ရန်<br>၃-၁ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းအားလုံး၏ ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>၃-၂ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီတို့နှင့် ပူးပေါင်း၍ ငလျင်ဒဏ်ခံရသော ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နေရာရှိ ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မည့်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းများပို့ဆောင်ရာ လမ်းတစ်လျှောက်တွင် ယာဉ်အသွားအလာ လမ်းကြောင်းထိန်းချုပ်ခြင်း၊ ရှင်းလင်းခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးကော်မတီများနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။<br>၃-၃ ဘေးအန္တရာယ် ကျရောက်သည့်ဒေသသို့ တာဝန်ရှိသူများ သွားရောက်နိုင်ရေး၊ သတင်းမီဒီယာများမှ သတင်းရယူနိုင်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများ အန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိ ဆန်းစစ်ရန်နှင့် လုံခြုံရေးအရ သွားရောက်ရန် မသင့်သော နေရာများအား သတ်မှတ်ပေးပါမည်။<br>၃-၄ အဆိုပါ သတင်းအချက်အလက်များအား သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ သတင်းထုတ်ပြန် ပေးနိုင်ရန်အတွက် ဖြန့်ဝေပါမည်။<br>၃-၅ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား အမျိုးသား သဘာဝအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှတစ်ဆင့် တင်ပြပါမည်။<br>၃-၆ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။<br>၃-၇ အခြားလုပ်ငန်းကော်မတီ အသီးသီးနှင့် ဆက်သွယ်ရန် focal တစ်ဦးနှင့်အရံတစ်ဦး ထားရှိပါမည်။<br>၃-၈ အဆင့်မြင့်အရာရှိကြီးတစ်ဦးမှ ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူသော အထူးအဖွဲ့ (Mobile Team) အား ငလျင်ဘေးအန္တရာယ် ကျရောက်သည့်ဒေသသို့ စေလွှတ်ပါမည်။<br>၃-၉ အဆိုပါ အထူးအဖွဲ့သည် ငလျင်ဒဏ်သင့်ဒေသတွင် ဖွင့်လှစ်ထားသော "ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲ" နှင့် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရပါမည်။</td></tr>
</table>

| ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | **ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် လုံခြုံရေးလုပ်ငန်းဆောင်ရွက်ခြင်း**<br>၃-၁၀ လုံခြုံရေးလုပ်ငန်းကော်မတီမှ စေလွှတ်သော အထူးအဖွဲ့သည် ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ လုံခြုံရေးလုပ်ငန်းများကို ဦးစီးရန်ဒေသန္တရလုံခြုံရေးအတွက် ဌာနဆိုင်ရာ/အုပ်ချုပ်ရေးအဖွဲ့အစည်းထံမှ လွှဲပြောင်းတာဝန်ယူပါမည်။ အထူးအဖွဲ့၏ ဦးဆောင်ညွှန်ကြားသူသည် ဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသအတွင်း လုံခြုံရေးလုပ်ငန်းများကို ဦးဆောင်ညွှန်ကြားသူဖြစ်သည်။<br>၃-၁၁ ငလျင်ဘေးအန္တရာယ် ကျရောက်သည့်ဒေသရှိ ပြည်သူလူထု ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များချထားခြင်း၊ ကင်းလှည့်ခြင်းများ ဆောင်ရွက်နေမှုအား တာဝန်ယူကြီးကြပ်ပါမည်။<br>၃-၁၂ ပြိုကျပျက်စီးနေသော အဆောက်အအုံများနှင့် အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူများဝင်ရောက်မှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၁၃ ငလျင်ဘေးကျရောက်ပါက နေအိမ်စွန့်ခွာရသူများ၏ ပိုင်ဆိုင်ပစ္စည်းများအား လူ့ပယောဂကြောင့် ပျောက်ဆုံးပျက်စီးမှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၁၄ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ရာဖွေကယ်ဆယ်ရေးပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရန် လုံခြုံရေးအဖွဲ့များ တာဝန်ချထားရှိမှုအား ကြီးကြပ်ပါမည်။<br>၃-၁၅ ငလျင်ကြောင့် သေဆုံးသူ ရုပ်အလောင်းများအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ ပိုင်ရှင်မဲ့ ရုပ်အလောင်းများအား စနစ်တကျ မှတ်တမ်းတင်ခြင်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။<br>၃-၁၆ မိသားစုနှင့် ကွဲကွာနေသူများအား ဒေသခံလုံခြုံရေးကော်မတီဝင်များမှ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။<br>၃-၁၇ တားမြစ်ထားသော အဆောက်အအုံများအတွင်း ဝင်ရောက်ခြင်းနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုံခြုံရေးပျက်ပြားစေရန် ဆောင်ရွက်မှုများတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူနိုင်စေရန် ကြီးကြပ်ပါမည်။ |

| ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| | ၃-၁၈ လျှောင်ဒဏ်ခံရသောဒေသတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော လုံခြုံရေးအင်အားစုများ(ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ တပ်မတော် စသဖြင့်) လုံလောက်မှု မရှိပါက အခြားအင်အားစုများအား ရယူနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဌာနအဖွဲ့အစည်းများ၊ နယ်မြေခံတပ်ရင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။<br>၃-၁၉ လျှောင်ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် လုံခြုံရေးလုပ်ငန်းဆောင်ရွက်နေမှုကို (၂) နာရီခြားတစ်ကြိမ် လုံခြုံရေးလုပ်ငန်းကော်မတီသို့ သင့်လျော်သည့်နည်းလမ်းဖြင့် တင်ပြပါမည်။ |
| | **၂၄-၄၈ နာရီ**<br>၃-၂၀ လျှောင်ဘေးအန္တရာယ် ကျရောက်သည့်ဒေသရှိ လုံခြုံရေးကော်မတီမှ ပြည်သူလူထု ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များချထားခြင်း၊ ကင်းလှည့်ခြင်းများ ဆောင်ရွက်နေမှုအား ကြီးကြပ်ပါမည်။<br>၃-၂၁ ပြိုကျပျက်စီးနေသော အဆောက်အအုံများနှင့် အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူများဝင်ရောက်မှုမရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၂၂ လျှောင်ဘေးကျရောက်ပါက နေအိမ်များအား စွန့်ခွာရသူများ၏ ပိုင်ဆိုင်ပစ္စည်းများအား လူ့ပယောဂကြောင့် ပျောက်ဆုံးပျက်စီးမှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၂၃ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရန် လုံခြုံရေးအဖွဲ့များ တာဝန်ချထားရှိမှုအား ကြီးကြပ်ပါမည်။<br>၃-၂၄ လျှောင်ကြောင့် သေဆုံးသူ ရုပ်အလောင်းများအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ ပိုင်ရှင်မဲ့ရုပ်အလောင်းများအား စနစ်တကျ မှတ်တမ်းတင်ခြင်း၊ စုပေါင်းသင်္ဂြိုဟ်ခြင်းများ ဆောင်ရွက်ပါမည်။<br>၃-၂၅ မိသားစုနှင့်ကွဲကွာနေသူများအား ဒေသခံလုံခြုံရေးကော်မတီဝင်များမှ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးရန် ကြီးကြပ်ပါမည်။<br>၃-၂၆ လျှောင်ဒဏ်ခံရသောဒေသ၊ ထောက်ပံ့ရေးပစ္စည်းများ ဝေငှနေသောနေရာများ၊ အရေးပေါ် ကယ်ဆယ်ရေးစခန်းများရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းများ မဖြစ်ပွားစေရန် လုံခြုံရေးဆောင်ရွက်ပါမည်။ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။ |

| ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၃-၂၇ တားမြစ်ထားသော အဆောက်အအုံများအတွင်း ဝင်ရောက်ခြင်းနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုံခြုံရေးပျက်ပြားစေရန် ဆောင်ရွက်မှုများတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူနိုင်စေရန် ကြီးကြပ်ပါမည်။<br>၃-၂၈ ငလျင်ဒဏ်ခံရသောဒေသတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော လုံခြုံရေးအင်အားစု (ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ တပ်မတော် စသဖြင့်) လုံလောက်မှု မရှိပါက အခြားအင်အားစုများ ရယူနိုင်ရန် အရင်းအမြစ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လုံခြုံရေး ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။<br>၃-၂၉ လုံခြုံရေးလုပ်ငန်းကော်မတီသို့ လုပ်ငန်းဆောင်ရွက်မှုကို (၄) နာရီခြားတစ်ကြိမ် သင့်လျော်သော နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၄၈-၇၂ နာရီ**<br>၃-၃၀ ငလျင်ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိလုံခြုံရေးကော်မတီမှ ပြည်သူလူထု ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ ချထားခြင်း၊ ကင်းလှည့်ခြင်းများ ဆောင်ရွက်နေမှုအား ကြီးကြပ်ပါမည်။<br>၃-၃၁ ပြိုကျပျက်စီးနေသော အဆောက်အအုံများနှင့် အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူများဝင်ရောက်မှုမရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၃၂ ငလျင်ဘေးကျရောက်ပါက နေအိမ်စွန့်ခွာရသူများ၏ ပိုင်ဆိုင်မှု ပစ္စည်းများအား လူ့ပယောဂကြောင့် ပျောက်ဆုံးပျက်စီးမှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၃၃ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရန် လုံခြုံရေးအဖွဲ့များ တာဝန်ချထားရှိမှုအား ကြီးကြပ်ပါမည်။<br>၃-၃၄ ငလျင်ဒဏ်ခံရသော ဒေသ၊ ထောက်ပံ့ရေးပစ္စည်းများ ဝေငှနေသော နေရာများ၊ အရေးပေါ်ကယ်ဆယ်ရေးစခန်းများရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းများ မဖြစ်ပွားစေရန် လုံခြုံရေးဆောင် ရွက်ပါမည်။ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။<br>၃-၃၅ ငလျင်ကြောင့် သေဆုံးသူ ရုပ်အလောင်းများအား မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ ပိုင်ရှင်မဲ့ ရုပ်အလောင်းများအား စနစ်တကျမှတ်တမ်းတင်ခြင်း၊ စုပေါင်းသင်္ဂြိုဟ်ခြင်းများ ဆောင်ရွက်ပါမည်။ |

| ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| | ၃-၃၆ မိသားစုနှင့် ကွဲကွာနေသူများအား ဒေသခံလုံခြုံရေးကော်မတီဝင်များမှ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးရန် ကြီးကြပ်ပါမည်။<br>၃-၃၇ တားမြစ်ထားသော အဆောက်အအုံများအတွင်း ဝင်ရောက်ခြင်းနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုံခြုံရေးပျက်ပြားစေရန် ဆောင်ရွက်လာမှုများ တွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူနိုင်စေရန် ကြီးကြပ်ပါမည်။<br>၃-၃၈ ငလျင်ဒဏ်ခံရသောဒေသတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောလုံခြုံရေးအင်အားစုများ (ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ တပ်မတော် စသဖြင့်) လုံလောက်မှု မရှိပါက အခြားအင်အားစုများ ရယူနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လုံခြုံရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။<br>၃-၃၉ လုံခြုံရေးလုပ်ငန်းကော်မတီသို့ လုပ်ငန်းဆောင်ရွက်မှုကို (၆) နာရီခြားတစ်ကြိမ် သင့်လျော်သည့် နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၇၂နာရီ- ၇ရက်**<br>၃-၄၀ ငလျင်ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိလုံခြုံရေးကော်မတီမှ ပြည်သူလူထု ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ ချထားခြင်း၊ ကင်းလှည့်ခြင်းများ ဆောင်ရွက်နေမှုအား ကြီးကြပ်ပါမည်။<br>၃-၄၁ ပြိုကျပျက်စီးနေသော အဆောက်အအုံများနှင့် အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူများ ဝင်ရောက်မှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၄၂ ငလျင်ဘေးကျရောက်၍ နေအိမ်များအား စွန့်ခွာရသူများ၏ ပိုင်ဆိုင်မှုပစ္စည်းများအား လူ့ပယောဂကြောင့် ပျောက်ဆုံးပျက်စီးမှု မရှိစေရန် ကြီးကြပ်ပါမည်။<br>၃-၄၃ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရန် လုံခြုံရေးအဖွဲ့များ တာဝန်ချထားရှိမှုအား ကြီးကြပ်ပါမည်။<br>၃-၄၄ မိသားစုနှင့် ကွဲကွာနေသူများအား ဒေသခံလုံခြုံရေးကော်မတီဝင်များမှ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြီးကြပ်ပါမည်။<br>၃-၄၅ တားမြစ်ထားသော အဆောက်အအုံများအတွင်း ဝင်ရောက်ခြင်းနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ လုံခြုံရေးပျက်ပြားစေရန် ဆောင်ရွက်လာမှုများတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူနိုင်စေရန် ကြီးကြပ်ပါမည်။ |

| ဃ-၃။ လုံခြုံရေးလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| | ၃-၄၆ ငလျင်ဒဏ်ခံရသောဒေသတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောအင်အားစုများ (ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ တပ်မတော် စသဖြင့်) လုံလောက်မှု မရှိပါက အခြားအင်အားစုများ ရယူနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေး ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | ၃-၄၇ လုံခြုံရေးလုပ်ငန်းကော်မတီသို့ လုပ်ငန်းဆောင်ရွက်မှုကို (၁၂) နာရီခြားတစ်ကြိမ် သင့်လျော်သည့်နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြ ဆောင်ရွက်ပါမည်။ |
| | ၃-၄၈ လုံခြုံရေးလုပ်ငန်းဆောင်ရွက်မှုကို ဒေသန္တရလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ယူနိုင်သော အခြေအနေသို့ ပြန်လည်ရောက်ရှိပါက လုံခြုံရေးလုပ်ငန်း ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး၊ ဒေသန္တရလုံခြုံရေး အာဏာပိုင်သို့ လုံခြုံရေးလုပ်ငန်း ဦးစီးဆောင်ရွက်ရန် တာဝန်လွှဲပြောင်းရပါမည်။ |
| | ၃-၄၉ အထူးအဖွဲ့၏ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာပြုစု၍ လုံခြုံရေးလုပ်ငန်းကော်မတီသို့ တင်ပြပါမည်။ |

| ဃ-၄။ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန<br><br>**ဒုဥက္ကဋ္ဌ**<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့်ဇလဗေဒ<br>ညွှန်ကြားမှုဦးစီးဌာန<br>(၂) ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>(၃) ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>(၄) ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန<br>(၅) ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br><br>**အတွင်းရေးမှူး**<br>ဦးဆောင်ညွှန်ကြားရေးမှူး၊<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | **ငလျင်လှုပ်ပြီးနောက်၂၄ နာရီအတွင်း လုပ်ဆောင်ရန်**<br>၄-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>၄-၂ ငလျင်ဆိုင်ရာ သတင်းအချက်အလက်များ (ငလျင်ဗဟိုချက်၊ ပြင်းအား၊ ထိခိုက်ခံစားရသည့်ဒေသများ စသဖြင့်) များအား အများပြည်သူသိရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ထုတ်ပြန်ကြေညာစေပါမည်။<br>၄-၃ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် EOC တို့မှ ဆူနာမီဖြစ်ပေါ်နိုင်ခြင်း ရှိ-မရှိ ဆန်းစစ်သုံးသပ်ချက်ကို ရယူပြီး၊ ပြည်သူအများသိရှိရန် ထုတ်ပြန်ရပါမည်။<br>၄-၄ ဆူနာမီဖြစ်ပေါ်နိုင်ခြေရှိပါက ဆူနာမီအရေးပေါ်သတိပေးချက်ကို သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် သာမက ဆူနာမီဖြစ်ပေါ်နိုင်သောဒေသများတွင် လက်ကိုင်လော်စပီကာများ၊ အခြားသင့်လျော်သော နည်းလမ်းများဖြင့် ပြည်သူများအား အသိပေးနိုင်ရန် ဘေးသင့်ဒေသရှိ ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များသို့ ချက်ချင်း အကြောင်းကြားရမည်။<br>၄-၅ ဆူနာမီ အခြေအနေ အရေးပေါ်သတိပေးချက် ရုပ်သိမ်းပါကလည်း သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့်လည်းကောင်း၊ လက်ကိုင်လော်စပီကာများ၊ အခြားသင့်လျော်သော နည်းလမ်းများဖြင့် ပြည်သူများအား အသိပေးရပါမည်။<br>၄-၆ ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ အခြေအနေနှင့် တုံ့ပြန်ရေးဆောင်ရွက်မှုများအား ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရန် မှတ်တမ်းတင်အဖွဲ့အား လုံခြုံရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘေးအန္တရာယ် ကျရောက်သည့်နေရာသို့ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်မှ အမြန်ဆုံး စေလွှတ်ပါမည်။<br>၄-၇ ငလျင်ဘေးအန္တရာယ် ခံရသောဒေသ၏ အခြေအနေများအား ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား သိရှိစေရန်အတွက် သတင်းစာရှင်းလင်းပွဲများအား လိုအပ်သလို စီစဉ်ပြုလုပ်ပါမည်။<br>၄-၈ မှတ်တမ်းတင်အဖွဲ့မှ ပေးပို့သော ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုမှတ်တမ်းများ၊ တုံ့ပြန်ရေးဆောင်ရွက်မှု သတင်းအချက်အလက် မှတ်တမ်းများနှင့် မြေပြင်အခြေအနေများအား ကြိုတင်ပြင်ဆင်ထားသော လမ်းညွှန်နှင့်အညီ သုံးသပ်တည်းဖြတ်၍ အများပြည်သူ သိရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ထုတ်လွှင့်စေပါမည်။ |

| ဃ-၄။ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၄-၉ အဆိုပါ သုံးသပ်တည်းဖြတ်ထားသော သတင်းအချက်အလက်များအား ပြည်တွင်းပြည်ပ အစိုးရနှင့် ပုဂ္ဂလိက သတင်းဌာနများသို့ ဖြန့်ဝေခြင်းအား ဆောင်ရွက်ပါမည်။ |
| | ၄-၁၀ ငလျင်ကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဘေးအန္တရာယ်များ (နောက်ဆက်တွဲ ငလျင်ငယ်များ၊ မီးဘေး၊ ဆူနာမီနှင့် သဲရည်ပျော်ခြင်း)တို့နှင့်သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များအား အများပြည်သူ သိရှိစေရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီမှ အချက်အလက်များရယူ၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်၊ SMS၊ များမှတစ်ဆင့် အချိန်အပိုင်းအခြားအလိုက် ထုတ်ပြန်ပေးပါမည်။ |
| | ၄-၁၁ ဖြစ်ပွားသောဒေသရှိ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ နောက်ဆက်တွဲငလျင်များကြောင့် ပြိုကျ/ပျက်စီးနိုင်သော အဆောက်အအုံ တာဝါတိုင်၊ ဆည်တမံတို့နှင့် လွတ်ကင်းရာနေရာတွင် ရှောင်ရှားနေထိုင်ရန် ထည့်သွင်းကြေညာစေပါမည်။ |
| | ၄-၁၂ ဘေးအန္တရာယ် ကျရောက်သည့်ဒေသသို့ တာဝန်ရှိသူများ သွားရောက်နိုင်ရေး၊ သတင်းမီဒီယာများမှ သတင်းရယူနိုင်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေး အတွက် လုံခြုံရေးအရ သွားရောက်ရန် မသင့်သော နေရာများအား လုံခြုံရေးကော်မတီမှ စာရင်းပြုစု သတ်မှတ်ပြီး ပေးပို့လာသော သတင်းအချက်အလက်များအား သတင်းထုတ်ပြန်ပါမည်။ |
| | ၄-၁၃ ပြည်သူများမှ တိုက်ရိုက်စုံစမ်းမေးမြန်းမှုများကို ဖြေကြားပေးနိုင်ရန် ပြန်ကြားရေးအရာရှိများကို (၂၄) နာရီအတွက် တာဝန်ပေးအပ်ပါမည်။ အချိန်တိုင်းတွင် ပြန်ကြားရေးအရာရှိ အနည်းဆုံး (၃) ဦး မှ တာဝန်ယူဖြေကြားရန် အသင့်ရှိနေစေပါမည်။ |
| | ၄-၁၄ ပြည်သူများမှ စုံစမ်းမေးမြန်းနိုင်ရန် အရေးပေါ် Hot Line ဖုန်းနံပါတ်များကို သတ်မှတ်ထားပြီး၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်တို့မှ ပြည်သူသို့ အသိပေးရပါမည်။ |
| | ၄-၁၅ ပြည်သူများမှ စုံစမ်းလာသည့်ကိစ္စများကို သက်ဆိုင်ရာ ကော်မတီများနှင့်လည်းကောင်း၊ဘေးသင့်ခံဒေသရှိ“ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ” (DMC Outreach Branch)နှင့်လည်းကောင်း ဆက်သွယ်ပြီး သတင်းအချက်အလက် ရယူဖြေကြားပေးရပါမည်။ |
| | ၄-၁၆ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။ |

| ဃ-၄။ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ | |
|---|---|
| **လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ** | **အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ** |
| | ၄-၁၇ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးစီ သတ်မှတ်ထားပေးပါမည်။ |
| | **၂၄-၄၈ နာရီ**<br>၄-၁၈ လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးမှုမှတ်တမ်းများ၊ တုံ့ပြန်ရေး ဆောင်ရွက်မှု သတင်းအချက်အလက် မှတ်တမ်းများနှင့် မြေပြင်အခြေအနေများအား ကြိုတင်ပြင်ဆင်ထားသော လမ်းညွှန်နှင့်အညီ သုံးသပ်တည်းဖြတ်၍ အများပြည်သူ အလွယ်တကူ သိရှိစေရန်နှင့် အထူးသတိပြုနေထိုင်နိုင်ရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ထုတ်လွှင့်စေပါမည်။<br>၄-၁၉ အဆိုပါ သုံးသပ်တည်းဖြတ်ထားသော သတင်းအချက်အလက်များအား ပြည်တွင်းပြည်ပ အစိုးရနှင့် ပုဂ္ဂလိက သတင်းဌာနများသို့ ဖြန့်ဝေခြင်းအား ဆောင်ရွက်ပါမည်။<br>၄-၂၀ လျှော်ကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ လျှော်ငယ်များနှင့် သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များအား အများပြည်သူ သိရှိစေရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီနှင့် ညှိနှိုင်းပူးပေါင်း၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်၊ SMS များမှတစ်ဆင့် အချိန်အပိုင်းအခြားအလိုက် ထုတ်ပြန်ပေးပါမည်။<br>၄-၂၁ ပြည်သူများမှ တိုက်ရိုက်စုံစမ်းမေးမြန်းမှုများကို ဖြေကြားပေးနိုင်ရန် ပြန်ကြားရေးအရာရှိများကို (၂၄) နာရီအတွက် တာဝန်ပေးအပ်ပါမည်။ အချိန်တိုင်းတွင် ပြန်ကြားရေးအရာရှိ အနည်းဆုံး (၃) ဦးမှ တာဝန်ယူဖြေကြားရန် အသင့်ရှိနေစေပါမည်။<br>၄-၂၂ ပြည်သူများမှ စုံစမ်းမေးမြန်းနိုင်ရန် အရေးပေါ် Hot Line ဖုန်းနံပါတ်များကို သတ်မှတ်ထားပြီး၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်တို့မှ ပြည်သူသို့ အသိပေးရပါမည်။<br>၄-၂၃ ပြည်သူများမှ စုံစမ်းလာသည့်ကိစ္စများကို သက်ဆိုင်ရာ ကော်မတီများနှင့်လည်းကောင်း၊ ဘေးသင့်ခံဒေသရှိ "ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲ" (DMC Outreach Branch) နှင့်လည်းကောင်း ဆက်သွယ်ပြီး သတင်းအချက်အလက်ရယူ ဖြေကြားပေးရပါမည်။ |
| | **၄၈-၇၂ နာရီ**<br>၄-၂၄ လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးမှု မှတ်တမ်းများ၊ တုံ့ပြန်ရေး ဆောင်ရွက်မှု သတင်းအချက်အလက် မှတ်တမ်းများနှင့် မြေပြင်အခြေအနေများအား ကြိုတင်ပြင်ဆင်ထားသော လမ်းညွှန်နှင့်အညီ သုံးသပ်တည်းဖြတ်၍ အခြေအနေမှန် သတင်းများအား အများပြည်သူသိရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ထုတ်လွှင့်စေပါမည်။ |

**ဃ-၄။ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ**

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| | ၄-၂၅ အဆိုပါ သုံးသပ်တည်းဖြတ်ထားသော သတင်းအချက်အလက်များအား ပြည်တွင်းပြည်ပသတင်းဌာနများသို့ ဖြန့်ဝေခြင်းအား ဆောင်ရွက်ပါမည်။<br>၄-၂၆ ငလျင်ကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ငလျင်ငယ်များနှင့် သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များအား အများပြည်သူ သိရှိစေရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီနှင့် ညှိနှိုင်းပူးပေါင်း၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်၊ SMS၊ များမှတစ်ဆင့် အချိန်အပိုင်း အခြားအလိုက် ထုတ်ပြန်ပေးပါမည်။<br>၄-၂၇ ပြည်သူများမှ တိုက်ရိုက်စုံစမ်းမေးမြန်းမှုများကို ဖြေကြားပေးနိုင်ရန် ပြန်ကြားရေးအရာရှိများကို (၂၄) နာရီအတွက် တာဝန်ပေးအပ်ပါမည်။ အချိန်တိုင်းတွင် ပြန်ကြားရေးအရာရှိ အနည်းဆုံး (၃) ဦးမှ တာဝန်ယူဖြေကြားရန် အသင့်ရှိနေစေပါမည်။<br>၄-၂၈ ပြည်သူများမှ စုံစမ်းမေးမြန်းနိုင်ရန် အရေးပေါ် Hot Line ဖုန်းနံပါတ်များကို သတ်မှတ်ထားပြီး၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်တို့မှ ပြည်သူသို့ အသိပေးရပါမည်။<br>၄-၂၉ ပြည်သူများမှ စုံစမ်းလာသည့်ကိစ္စများကို သက်ဆိုင်ရာ ကော်မတီများနှင့်လည်းကောင်း၊ဘေးသင့်ခံဒေသရှိ"ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဌာနခွဲ"(DMC Outreach Branch) နှင့်လည်းကောင်း ဆက်သွယ်ပြီး သတင်းအချက်အလက် ရယူဖြေကြားပေးရပါမည်။ |
| | **၇၂နာရီ- ၇ ရက်**<br>၄-၃၀ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှု မှတ်တမ်းများ၊ တုံ့ပြန်ရေး ဆောင်ရွက်မှု သတင်းအချက်အလက် မှတ်တမ်းများ၊ မြေပြင်အခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ လှူဒါန်းထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် နိုင်ငံတကာ အကူအညီများအား ကြိုတင်ပြင်ဆင်ထားသော လမ်းညွှန်နှင့်အညီ သုံးသပ်တည်းဖြတ်၍ အများပြည်သူသိရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ထုတ်လွှင့်စေပါမည်။<br>၄-၃၁ အဆိုပါ သတင်းအချက်အလက်များအား ပြည်တွင်းပြည်ပ သတင်းဌာနများသို့ ဖြန့်ဝေခြင်းအား ဆောင်ရွက်ပါမည်။<br>၄-၃၂ ငလျင်ကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ငလျင်ငယ်များနှင့် သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များအား အများပြည်သူ သိရှိစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ Website များမှတစ်ဆင့် အချိန်အပိုင်းအခြားအလိုက် ထုတ်ပြန်ပေးပါမည်။ |

**ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန<br>**ဒုဥက္ကဋ္ဌ**<br>အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန<br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန။<br>(၂) ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန။<br>(၃) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။<br>(၄) ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန။<br>(၅) ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန။<br>(၆) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန။<br>(၇) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း။<br>(၈) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း။<br>(၉) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း။<br>(၁၀) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း။<br><br>**အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန<br>**တွဲဖက်အတွင်းရေးမှူး**<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **လျှောင်လှုပ်ပြီးနောက်၂၄နာရီအတွင်း လုပ်ဆောင်ရန်**<br>၅-၁ လုပ်ငန်းကော်မတီ၏ဥက္ကဋ္ဌသည် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ဦးဆောင်ညွှန်ကြားသူ အဖြစ်တာဝန်ယူဆောင်ရွက်ပါမည်။<br>၅-၂ ကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်စီမံချက်ကို စတင်အသက်ဝင်စေ (activate) ပြီး အဆိုပါ စီမံချက်အရ လုပ်ငန်းများ ဆောင်ရွက်ပါမည်။<br>၅-၃ ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီနှင့် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီထံမှလည်းကောင်း၊ ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျန်းမာရေး ဦးစီးဌာနများထံမှလည်းကောင်း သတင်းအချက်အလက်များ ရယူပါမည်။<br>၅-၄ ပြည်သူ့ကျန်းမာရေး အရေးပေါ်ကွပ်ကဲမှုစင်တာ Public Health Emergency Operations Center ကို စတင်အသက်ဝင်စေပြီး အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီနှင့် အခြားလုပ်ငန်းကော်မတီများ၊ ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ပါမည်။<br>၅-၅ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ဆေးနှင့်ဆေးပစ္စည်းများနှင့်ကျန်းမာရေးဝန်ဆောင်မှုများအား ဘေးအန္တရာယ်ကျရောက်သည့်ဒေသသို့ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ အကူအညီဖြင့် ပို့ဆောင်ပေးရပါမည်။<br>၅-၆ လိုအပ်မှုရှိပါက နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ (လူ/စက်ကိရိယာ/ဆေးဝါးပစ္စည်း) အား ရယူနိုင်ရန် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ ဘေးဒဏ်ခံရသောဒေသများသို့ ထောက်ပံ့ပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်ပါမည်။<br>၅-၇ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ညွှန်ကြားချက်များနှင့် လုပ်ငန်းကော်မတီများနှင့် ဘေးအန္တရာယ် ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ ရရှိလာသော သတင်းအချက်အလက်များအပေါ် မူတည်၍ ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ပါမည်။ |

| ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၅-၈ နိုင်ငံတကာမှပေးပို့ရန် ကမ်းလှမ်းလာသော အကူအညီများသည် ကြိုတင်ပြဋ္ဌာန်းထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်၍ ခွင့်ပြုပါမည်။<br>၅-၉ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ ပေးပို့ပါမည်။<br>၅-၁၀ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် တာဝန်ခံပုဂ္ဂိုလ် တစ်ဦးနှင့် အရံတစ်ဦး သတ်မှတ်ထားပေးပါမည်။<br>၅-၁၁ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များအား တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဌာနများမှ နေပြည်တော်ရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီသို့ (၂)နာရီခြားတစ်ကြိမ် သင့်လျော်သည့်နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။<br>၅-၁၂ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများကို ဦးစီးဆောင်ရွက်ရန် အဆင့်မြင့်အရာရှိတစ်ဦးဦးဆောင်သော အရေးပေါ်ကျန်းမာရေး အဖွဲ့အား လျင်မြန်စွာ ဘေးအန္တရာယ်ကျရောက်သည့် ဒေသသို့ စေလွှတ်ပါမည်။<br>၅-၁၃ အဆိုပါ အရေးပေါ်ကျန်းမာရေးအဖွဲ့သည် လျင်ဒဏ်သင့်ဒေသတွင် ဖွင့်လှစ်ထားသော “ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲ” နှင့် ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ရပါမည်။ |
| | **ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း**<br>၅-၁၄ အရေးပေါ်ကျန်းမာရေးအဖွဲ့၏ ဦးဆောင်သူသည် ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအားလုံး၏ ဦးဆောင်ညွှန်ကြားသူ ဖြစ်သည်။<br>၅-၁၅ အရေးပေါ်ကျန်းမာရေးအဖွဲ့သည် လျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းများအား ကြီးကြပ်ပါမည်။<br>၅-၁၆ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေရာတွင် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု ပေးပါမည်။ |

| ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၅-၁၇ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်အားမလုံလောက်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တပ်မတော်ဆေးတပ်ဖွဲ့၏ အကူအညီအား ရယူဆောင်ရွက်ရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီမှ တစ်ဆင့်သော်လည်းကောင်း၊ "ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ"မှ တစ်ဆင့်သော်လည်းကောင်း သက်ဆိုင်ရာတပ်ရင်းတပ်ဖွဲ့သို့ အကြောင်းကြား အကူအညီရယူပါမည်။ |
| | ၅-၁၈ ကျန်းမာရေးစောင့်ရှောက်မှုစခန်းများအတွက် နေရာရွေးချယ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ဒေသခံတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက် ကြီးကြပ်ပါမည်။ |
| | ၅-၁၉ ဒဏ်ရာရမှုပြင်းထန်သောသူများအား အထက်အဆင့် ဆေးရုံများသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | ၅-၂၀ ထိုသို့ လွှဲပြောင်းရာတွင် ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီတို့နှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။ ၄င်းအပြင် လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များနှင့် လူနာတင်ယာဉ်အဖွဲ့များနှင့် ချိတ်ဆက်၍ညှိနှိုင်းဆောင်ရွက်ပါမည်။ |
| | ၅-၂၁ ဆေးရုံသို့ ရောက်ရှိပြီးနောက် သေဆုံးသူများအား မည်သူမည်ဝါဖြစ်ကြောင်းကို အတည်ပြုနိုင်ရန် ဒေသန္တရအုပ်ချုပ်မှုအဖွဲ့အစည်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက် မှတ်တမ်းတင်ပါမည်။ |
| | ၅-၂၂ လျှောင်ဒဏ်ကြောင့် နိုင်ငံခြားသားများ သေဆုံးဒဏ်ရာရမှုများ ရှိခဲ့ပါက စာရင်းပြုစုကာ လုပ်ငန်းကော်မတီသို့ တင်ပြပြီး လုပ်ငန်းကော်မတီမှတစ်ဆင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများသို့ အကြောင်းကြား သတင်းပေးပို့ပါမည်။ |
| | ၅-၂၃ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဆေးရုံ/ဆေးပေးခန်းများ မလုံလောက်မှု/ပျက်စီးမှုရှိခဲ့ပါက နီးစပ်ရာ မြို့နယ်ရှိဆေးရုံ/ ဆေးပေးခန်းများအား အသုံးပြုနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ |

| ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၅-၂၄ ကယ်ဆယ်ရေးစခန်းများတွင် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ပါမည်။<br>၅-၂၅ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များအား ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီသို့ (၂)နာရီခြားတစ်ကြိမ် သင့်လျော်သည့် နည်းလမ်းဖြင့်တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရတင်ပြဆောင်ရွက်ပါမည်။ |
| | **၂၄-၄၈ နာရီ**<br>၅-၂၆ ယာယီစခန်းများရှိရာ နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု စခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက် ကြီးကြပ်ပါမည်။<br>၅-၂၇ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား ဘေးအန္တရာယ် ကျရောက်သည့်ဒေသသို့ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏အကူအညီဖြင့် ပို့ဆောင်ပေးရပါမည်။<br>၅-၂၈ နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ (လူအင်အား၊ စက်ကိရိယာ၊ ဆေးနှင့် ဆေးပစ္စည်းများ စသဖြင့်) ရယူနိုင်ရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံ တင်ပြအတည်ပြုချက် ရယူပါမည်။<br>၅-၂၉ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများနှင့် အခြားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပါမည်။<br>၅-၃၀ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ပြည်သူများအား နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပါမည်။<br>၅-၃၁ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များအား ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသို့ (၄) နာရီခြားတစ်ကြိမ် သင့်လျော်သည့် နည်းလမ်းဖြင့် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |

ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| --- | --- |
| | ၄၈-၇၂ နာရီ<br>၅-၃၂ ကျန်းမာရေးစောင့်ရှောက်မှု စခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပါမည်။<br>၅-၃၃ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပါမည်။<br>၅-၃၄ ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အကူအညီလိုအပ်ချက်များ (လူအင်အား၊ ဆေးဝါးစသဖြင့်) ကို စာရင်းပြုစုပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသို့ တင်ပြရယူပါမည်။<br>၅-၃၅ ကယ်ဆယ်ရေးစခန်းများတွင် ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ပါမည်။<br>၅-၃၆ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အထူးစောင့်ရှောက်မှု လိုအပ်သူများအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးပါမည်။<br>၅-၃၇ ပြင်ပမှ ရောက်ရှိလာသော အကူအညီပေးသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပါမည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီသို့ (၆) နာရီခြားတစ်ကြိမ်တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရတင်ပြဆောင်ရွက်ပါမည်။ |
| | ၇၂နာရီ- ၇ရက်<br>၅-၃၈ ကျန်းမာရေးစောင့်ရှောက်မှု စခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပါမည်။<br>၅-၃၉ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများနှင့် အခြားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပါမည်။<br>၅-၄၀ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ပြည်သူများအား နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ် ဆောင်ရွက်ပါမည်။ |

| ဃ-၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၅-၄၁ ဘေးအန္တရာယ်ကျရောက်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အတွက် အကူအညီလိုအပ်ချက်များ (လူအင်အား၊ ဆေးဝါးစသဖြင့်) ကို စာရင်းပြုစုပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသို့ တင်ပြရယူပါမည်။ |
| | ၅-၄၂ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန် စွမ်းသူများ၊ အထူးစောင့်ရှောက်မှု လိုအပ်သူများအတွက် လိုအပ် ချက်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးပါမည်။ |
| | ၅-၄၃ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကျန်းမာရေး စောင့် ရှောက်မှုလုပ်ငန်းကော်မတီသို့ (၁၂) နာရီခြား တင်ပြပါမည်။ ထူး ခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | ၅-၄၄ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုကို ဒေသရှိ ကျန်းမာရေး ဌာနများမှ တာဝန်ယူနိုင်သော အခြေအနေသို့ ပြန်လည်ရောက် ရှိပါက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကော်မတီသို့ တင်ပြ အတည်ပြုချက်ရယူပြီး၊ ဒေသရှိ ကျန်းမာရေးဌာနများ/ လုပ်ငန်း ကော်မတီသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဦးစီးဆောင် ရွက်ရန် တာဝန်လွှဲပြောင်းပါမည်။ |
| | ၅-၄၅ အရေးပေါ်ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်လုပ်ငန်း များ ဆောင်ရွက်ပြီးစီးကြောင်း အခြေအနေကို အစီရင်ခံစာပြုစု၍ လုပ်ငန်းကော်မတီသို့ တင်ပြပါမည်။ |

### ယ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန<br>**ဒုဥက္ကဋ္ဌ**<br>အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန<br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။<br>(၂) ညွှန်ကြားရေးမှူးချုပ်၊ မိုးသတ် ဦးစီးဌာန။<br>(၃) ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန။<br>(၄) ညွှန်ကြားရေးမှူးချုပ်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန။<br>(၅) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား<br>(၆) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး။<br>(၇) ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန။<br>(၈) အမှုဆောင်အရာရှိချုပ်၊ မြန်မာ အမျိုးသားလေကြောင်း။<br>(၉) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။<br>(၁၀) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း။<br>(၁၁) ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန | **လျှောင်လူပ်ပြီးနောက် ၂၄ နာရီအတွင်း လုပ်ဆောင်ရန်**<br>၆-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>၆-၂ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးစနစ်များပြတ်တောက်ပျက်စီးမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာဌာနများထံမှလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံမှ လည်းကောင်း၊ EOC မှလည်းကောင်း၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီထံမှလည်းကောင်း၊ သတင်းအချက်အလက်များ ရယူပါမည်။<br>၆-၃ အရေးပေါ်အသုံးပြုရန် ကြိုတင်သတ်မှတ်ထားသော ဆက်သွယ်ရေး အရန်စနစ်ကို အသုံးပြုစေပါမည်။<br>၆-၄ ဆက်သွယ်ရေးစနစ်များ အရေးပေါ် အမြန်ဆုံးပြင်ဆင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်ပညာရှင်များ၊ လူအင်အား၊ စက်ပစ္စည်းကိရိယာများကို နေပြည်တော်နှင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများမှ ရယူစုစည်းစေပါမည်။<br>၆-၅ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားပါက အလျင်အမြန် ပြုပြင်ခြင်းများ ဆောင်ရွက်ရန် တတ်ကျွမ်းသောပညာရှင်များ စေလွှတ်ခြင်း၊ အရေးပေါ်ဆက်သွယ်ရေးနည်းလမ်းများ အသုံးပြု၍ ဆက်သွယ်မှုရရှိစေရန် ဆောင်ရွက်ပါမည်။<br>၆-၆ လျှောင်ဒဏ်ကြောင့် အဓိကလမ်းများ၊ တံတားများ ပျက်စီးခဲ့ပါက လမ်းလွှဲများ ဖောက်လုပ်ရန်အတွက် လိုအပ်သော လမ်းလုပ်သား၊ စက်ယန္တရားများ၊ လမ်းခင်းပစ္စည်းများအားစာရင်းပြုစုပြီး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ အကူအညီ ရယူပါမည်။ လိုအပ်ပါက တပ်မတော်၏ အကူအညီကို ရယူပါမည်။<br>၆-၇ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့်သူများ၊ ပြည်တွင်းပြည်ပ အကူအညီများအား ဘေးအန္တရာယ်ကျရောက်ရာဒေသသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သော ကား၊ ရေယာဉ်၊ လေယာဉ်များ ဝင်ထွက်သွားလာဆိုက်ကပ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |

| ယ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ | | |
|---|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ | |
| (၁၂) ရဲထောက်ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။<br>(၁၃) ညွှန်ကြားရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန။<br><br>**အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေး<br>ညွှန်ကြားမှုဦးစီးဌာန။<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ဦးဆောင်ညွှန်ကြားရေးမှူး၊<br>ကုန်းလမ်းပို့ဆောင်ရေး။ | ၆-၈ | ငလျင်ဒဏ်သင့်ဒေသရှိ နိုင်ငံတကာလေဆိပ်/ပြည်တွင်းလေဆိပ်များ ထိခိုက်ပျက်စီးခဲ့ပါက လေယာဉ်များဝင်ရောက် ဆင်းသက်နိုင်ရန် အခြားနိုင်ငံတကာ/ပြည်တွင်းလေဆိပ်များအား အသုံးပြုပြီး၊ ထိုမှတစ်ဆင့် ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်း စသည်တို့ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါမည်။ |
| | ၆-၉ | ငလျင်ဒဏ်ကြောင့် ပြည်တွင်းရှိ နိုင်ငံတကာလေဆိပ်များ ထိခိုက်ပျက်စီးခဲ့ပါက ပြည်ပမှ အကူအညီပေးမည့်လေယာဉ်များ ဆိုက်ကပ်ရန် ကြိုတင်သဘောတူသတ်မှတ်ထားသော အခြားအိမ်နီးချင်းနိုင်ငံ၏ နိုင်ငံတကာလေဆိပ်များအား အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်ပါမည်။ |
| | ၆-၁၀ | ပြည်ပနိုင်ငံများမှ ပေးပို့လာမည့် ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအကူအညီများ ရောက်ရှိနိုင်ရန် ဆိပ်ကမ်းများ၊ လေဆိပ်များအား အသင့်အနေအထား ဖြစ်နေစေရေးအတွက် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်း(လေကြောင်းထိန်းသိမ်းရေးဦးစီးဌာန) တို့အား တာဝန်ယူစေပါမည်။ |
| | ၆-၁၁ | နိုင်ငံတကာမှဝင်ရောက်လာသောကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ ယာဉ်ယန္တရားများအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ရရှိရေး ကြိုတင်သတ်မှတ်ထားသော First Track လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ပေးပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရပါမည်။ |
| | ၆-၁၂ | ပြည်တွင်း၊ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆောင်ရွက်မည့်သူများနှင့် ပစ္စည်းများကို ဘေးသင့်ဒေသသို့ ပို့ဆောင်ပေးရန် လိုအပ်သော လေယာဉ်၊ရဟတ်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် နိုင်ငံပိုင် လေကြောင်းလိုင်း၊ ပုဂ္ဂလိက လေကြောင်းလိုင်းများ၊ တပ်မတော်(လေ) တို့ထံမှ အကူအညီရယူပါမည်။ |
| | ၆-၁၃ | လိုအပ်သော မော်တော်ယာဉ်များ၊ ရေယာဉ်များအသုံးပြုနိုင်ရေး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများထံမှ အကူအညီ ရယူစုစည်းရပါမည်။ |
| | ၆-၁၄ | လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။ |

| ဃ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၆-၁၅ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးစီ သတ်မှတ်ထားပေးပါမည်။<br>၆-၁၆ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား အုပ်ချုပ်ကြီးကြပ်ရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အတွင်းရေးမှူး၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ) သို့မဟုတ် သင့်လျော်သော ဦးဆောင်သော ပို့ဆောင်ဆက်သွယ်ရေး အထူးအဖွဲ့ (mobile team) ကို ငလျင်ဒဏ်ခံရသည့် ဒေသသို့ စေလွှတ်ဆောင်ရွက်ပါမည်။<br>၆-၁၇ အဆိုပါ အထူးအဖွဲ့သည် ငလျင်ဒဏ်သင့်ဒေသတွင် ဖွင့်လှစ်ထားသော "ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနခွဲ" နှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရပါမည်။ |
| | **ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ပို့ဆောင်ဆက်သွယ်ရေး အထူးအဖွဲ့ (mobile team) မှ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**<br>၆-၁၈ ဘေးအန္တရာယ် ကျရောက်သည့်ဒေသ ပို့ဆောင်ဆက်သွယ်ရေး အထူးအဖွဲ့ (mobile team) ၏ ဦးဆောင်သူသည် ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်းအားလုံး၏ ဦးဆောင်ညွှန်ကြားသူ ဖြစ်ပါသည်။<br>၆-၁၉ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းဦးစီးဌာနတို့မှ လမ်း၊ တံတား ပျက်စီးဆုံးရှုံးမှု သတင်းအချက်အလက်များအား ရယူကာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မည့်သူများ သွားရောက်မည့် လမ်းကြောင်းများအား ရေးဆွဲ၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအား ပေးပို့ပါမည်။<br>၆-၂၀ ပျက်စီးသွားသော လမ်း၊ တံတားများအား ချက်ချင်းပြုပြင်နိုင်ရန် ခက်ခဲပါက လမ်းလွှဲများအား အချိန်တိုအတွင်း ဖောက်လုပ်ပြီးစီးရန်နှင့် ယာယီတံတားများ စီစဉ်ပေးခြင်း စသည်တို့ ဆောင်ရွက်နေမှုများအား ကြီးကြပ်ရပါမည်။ လိုအပ်ပါက တပ်မတော်၏ အကူအညီကို ရယူပါမည်။<br>၆-၂၁ ငလျင်ဒဏ်ကြောင့် အဓိကလမ်းများပျက်စီးခဲ့ပါက လမ်းလွှဲများ ဖောက်လုပ်ရန်အတွက် လိုအပ်သော လမ်းလုပ်သား၊ စက်ယန္တရားများ၊ လမ်းခင်းပစ္စည်းများအားစာရင်းပြုစုပြီး ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ စာရင်းပေးပို့ တောင်းဆိုရပါမည်။ |

**ဃ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ**

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| | ၆-၂၂ ရရှိသောသတင်းအချက်အလက်များအပေါ် အခြေခံ၍ အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်မည့် လမ်းကြောင်းများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီတို့ထံသို့ ပေးပို့ပါမည်။<br>၆-၂၃ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော မော်တော်ယဉ်၊ ရေယာဉ်များအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ပံ့ပိုးပေးပါမည်။<br>၆-၂၄ ပြည်တွင်း၊ ပြည်ပမှအကူအညီပေးမည့် ရဟတ်ယာဉ်များ ဆင်းသက်နိုင်ရန် ရဟတ်ယာဉ်ကွင်းများ ရှာဖွေသတ်မှတ်ကာ အဆိုပါ ရဟတ်ယာဉ်များ ဆင်းသက်နိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင် ရွက်ပါမည်။<br>၆-၂၅ လုပ်ငန်းဆောင်ရွက်ချက်များအား ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ (၂)နာရီခြား တစ်ကြိမ် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၂၄-၄၈ နာရီ**<br>၆-၂၆ လမ်း၊ တံတားပျက်စီးဆုံးရှုံးမှု သတင်းအချက်အလက်များအပေါ် အခြေခံပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရန် သွားရောက်နိုင်မည့် လမ်းကြောင်းများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီတို့အား ပေးပို့ပါမည်။<br>၆-၂၇ လမ်းလွှဲများအား အချိန်တိုအတွင်း ဖောက်လုပ်ပြီးစီးရန်နှင့် ယာယီတံတားများ စီစဉ်ပေးခြင်းစသည်တို့ ဆောင်ရွက်နေမှုများအား ကြီးကြပ်ပါမည်။<br>၆-၂၈ လိုအပ်သော လမ်းလုပ်သား၊ စက်ယန္တရားများ၊ လမ်းခင်းပစ္စည်းများအား ရောက်ရှိနိုင်ရေး နေပြည်တော်ရှိ ပို့ဆောင်ဆက်သွယ်ရေးကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၆-၂၉ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လာပါက အရန်ရေယာဉ်များအား သုံးစွဲနိုင်စေရန်အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ပံ့ပိုးပေးပါမည်။ |

| ဃ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၆-၃၀ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့်သူများ၊ ပြည်တွင်းပြည်ပ အကူအညီများအား ဘေးအန္တရာယ်ကျရောက်ရာဒေသသို့ ပို့ဆောင်ပေးနိုင်ရန် လိုအပ်သော ကား၊ ရေယာဉ်၊ လေယာဉ်များ ဝင်ထွက်သွားလာ ဆိုက်ကပ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၆-၃၁ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများအား ရေကြောင်းမှတစ်ဆင့် ပေးပို့လာပါက ရေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် ဆိပ်ကမ်းများ အဆင်သင့်ဖြစ်နေစေရန် ကြီးကြပ်ပါမည်။<br>၆-၃၂ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများအား လေကြောင်းမှတစ်ဆင့် ပေးပို့လာပါက လေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် လေဆိပ်တွင် လေယာဉ်အဝင်အထွက်များ ရှင်းလင်းစေရေး ကြီးကြပ်ပါမည်။<br>၆-၃၃ လုပ်ငန်းဆောင်ရွက်ချက်များအား ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီသို့ (၄) နာရီခြားတစ်ကြိမ် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၄၈-၇၂ နာရီ**<br>၆-၃၄ လျှောင်ဒဏ်ကြောင့် ပျက်စီးမှုများအား ရှင်းလင်းခြင်းအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ တပ်မတော်သားများနှင့်ပူးပေါင်း၍ ရှင်းလင်းခြင်းအား ဆောင်ရွက်ပါမည်။<br>၆-၃၅ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့်သူများ၊ ပြည်တွင်းပြည်ပ အကူအညီများအား ဘေးအန္တရာယ် ကျရောက်ရာဒေသသို့ ပို့ဆောင်ပေးနိုင်ရန် လိုအပ်သော ကား၊ ရေယာဉ်၊ လေယာဉ်များ ဝင်ထွက်သွားလာ ဆိုက်ကပ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၆-၃၆ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများအား ရေကြောင်းမှတစ်ဆင့် ပေးပို့လာပါက ရေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် ဆိပ်ကမ်းများ အဆင်သင့်ဖြစ်နေစေရန် ကြီးကြပ်ပါမည်။ |

| ဃ-၆။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၆-၃၇ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများအား လေကြောင်းမှတစ်ဆင့် ပေးပို့လာပါက လေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် လေဆိပ်တွင် လေယာဉ်အဝင်အထွက်များ ရှင်းလင်းစေရေး ကြီးကြပ်ပါမည်။<br>၆-၃၈ လုပ်ငန်းဆောင်ရွက်ချက်များအား ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ (၆) နာရီခြားတစ်ကြိမ် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။ |
| | **၇၂နာရီ - ၇ ရက်**<br>၆-၃၉ ငလျင်ဒဏ်ကြောင့် အပျက်အစီးများ ရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်ပါမည်။<br>၆-၄၀ လုပ်ငန်းဆောင်ရွက်ချက်များအား ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ (၁၂) နာရီခြားတစ်ကြိမ် တင်ပြပါမည်။ ထူးခြားဖြစ်စဉ်ရှိပါက လိုအပ်ချက်အရ တင်ပြဆောင်ရွက်ပါမည်။<br>၆-၄၁ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်နိုင်ရန် နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဆိုင်ရာလုပ်ငန်းကော်မတီနှင့်လည်းကောင်း၊ ငလျင်ဒဏ်သင့်ခံရသော ဒေသတွင် ဖွင့်လှစ်ထားသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲနှင့်လည်းကောင်း၊ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ ထောက်ပံ့ကူညီသော အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ညှိနှိုင်းတိုင်ပင်၍ အစီအစဉ်များရေးဆွဲရပါမည်။ ဥပမာ- Cash for work for debris clearance.<br>၆-၄၂ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို ဒေသန္တရပို့ဆောင်ဆက်သွယ်ရေးအဖွဲ့အစည်း/လုပ်ငန်းကော်မတီမှ တာဝန်ယူနိုင်သော အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး၊ ပို့ဆောင်ဆက်သွယ်ရေးအဖွဲ့အစည်း/ လုပ်ငန်းကော်မတီသို့ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ဆက်လက်ဦးစီးဆောင်ရွက်ရန် တာဝန်လွှဲပြောင်းပါမည်။<br>၆-၄၃ အထူးအဖွဲ့၏ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာပြုစု၍ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြပါမည်။ |

<table>
<tr><th colspan="2">ဃ-၇။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ</th></tr>
<tr><th>လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ</th><th>အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ</th></tr>
<tr><td>
ဥက္ကဋ္ဌ<br>
ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။<br>
ဒုဥက္ကဋ္ဌ<br>
အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။<br>
အဖွဲ့ဝင်များ<br>
(၁) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများ (၁၄) ဦး။<br>
(၂) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန။<br>
(၃) ညွှန်ကြားရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန။<br>
(၄) ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန။<br>
(၅) ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန။<br>
အတွင်းရေးမှူး<br>
ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့။<br>
တွဲဖက်အတွင်းရေးမှူး<br>
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။
</td><td>
ငလျင်လှုပ်ပြီးနောက်၂၄ နာရီအတွင်း လုပ်ဆောင်ရန်<br>
၇-၁ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌသည် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>
၇-၂ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား စာရင်းကောက်ယူရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ (အတွင်းရေးမှူး၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ) အား တာဝန်ပေးပါမည်။<br>
၇-၃ ကနဦးပျက်စီးဆုံးရှုံးမှု စာရင်းများအား ချက်ချင်း ရယူနိုင်ရေးအတွက် ကြိုတင်သတ်မှတ်ထားသော ပျက်စီးဆုံးရှုံးမှု အချက်အလက်များ ကောက်ယူသည့်ပုံစံနှင့် database များအားအသုံးပြုကာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များရှိ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့၊ ဌာနအဖွဲ့အစည်းများ၊ မြေပြင်သတင်းရယူရေးအဖွဲ့များနှင့် ချိတ်ဆက်၍ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးစသည့် ဆက်သွယ်ရေး ကွန်ယက်များမှတစ်ဆင့် အချက်အလက်များအား ရယူပါမည်။ အဓိကအနေဖြင့် ငလျင်ဘေးဒဏ်ခံရသောဒေသရှိ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများဖြင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>
၇-၄ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်း အချက်အလက်များအား လည်း သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ရယူပါမည်။<br>
၇-၅ ကနဦး သိရှိရသည့် သတင်းအချက်အလက်များအရ ဘေးသင့်ဒေသ၏ ပျက်စီးဆုံးရှုံးမှုအား လုပ်ငန်းကော်မတီမှ ပြုစုပါမည်။<br>
၇-၆ အမျိုးသားအဆင့်မှ စီမံခန့်ခွဲရန်လိုအပ်သည့် အရေးပေါ် အခြေအနေအဆင့်(၁) ဟုကြေညာပြီးနောက် (၂၄)နာရီအတွင်း ငလျင်ဘေးဒဏ်ခံရသောဒေသမှ ကနဦးရရှိသည့်သတင်းအချက်အလက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရရှိသည့် သတင်းအချက်အလက်များအား ရယူဆန်းစစ် သုံးသပ်အတည်ပြုကာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးရုံးသို့ ပေးပို့ပါမည်။<br>
၇-၇ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သောလုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။
</td></tr>
</table>

| ဃ-၇။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ | | |
|---|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ | |
| | ၇-၈ | အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦး သတ်မှတ်ထားပေးပါမည်။ |
| | ၇-၉ | လိုအပ်ပါက အဆင့်မြင့်အရာရှိတစ်ဦး ဦးဆောင်သော ပျက်စီးဆုံးရှုံးမှု အချက်အလက်ကောက်ယူရေး အထူးအဖွဲ့ (mobile team) ကို လေယာဉ်ဒဏ်ခံရသည့် ဒေသသို့ စေလွှတ်ဆောင်ရွက်စေပါမည်။ |
| | **၂၄-၄၈ နာရီ** | |
| | ၇-၁၀ | လုပ်ငန်းကော်မတီရုံးကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနတွင် ဖွင့်လှစ်ပြီး၊ လုပ်ငန်းများဆောင်ရွက်စေခြင်းဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့်အတွင်းရေးမှူးရုံးတို့မှ လိုအပ်သော သတင်းအချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးပါမည်။ သတင်းအချက်အလက်များအတည်ပြုနိုင်ရေးအတွက် EOC နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရပါမည်။ |
| | ၇-၁၁ | လေယာဉ်ဒဏ်သင့်ခံရပြီးနောက် ဒုတိယမြောက်နေ့မှစတင်၍ လျောင်ကြောင့်ပျက်စီးဆုံးရှုံးမှု မြေပြင်သတင်း အချက်အလက် ကောက်ယူခြင်းကို ဤလုပ်ငန်းကော်မတီမှသာ တာဝန်ခံဆောင်ရွက်ရပါမည်။ (ဘေးအန္တရာယ် ကျရောက်ပြီးပြီးချင်း (၂၄)နာရီ အတွင်း EOC မှ ရရှိသမျှ မြေပြင်သတင်းအချက်အလက်များကို အမြန်ဆုံးကောက်ယူကာ အတွင်းရေးမှူးရုံးသို့ ပေးပို့ပါသည်။ ဒုတိယမြောက်နေ့မှ စတင်ကာ အဆိုပါလုပ်ငန်းကို ဤလုပ်ငန်းကော်မတီမှသာ တာဝန်ခံဆောင်ရွက်သွားရန် ဖြစ်ပါသည်။) |
| | ၇-၁၂ | ရရှိသည့် သတင်းအချက်အလက်များအား computer-based database ဖြင့် စုစည်းထားရှိပါမည်။ |
| | ၇-၁၃ | သတင်းအချက်အလက်များအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံးမှတစ်ဆင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ (၁၂) နာရီခြားတစ်ကြိမ် တင်ပြပါမည်။ |
| | ၇-၁၄ | ထိုသို့တင်ပြရာတွင် ကဏ္ဍအလိုက်၊ ဒေသန္တရနေရာ ဒေသအလိုက် (ကျေးရွာအုပ်စု၊မြို့နယ်စသည်)တင်ပြပါမည်။အမျိုးသားကော်မတီ အတွင်းရေးမှူးရုံးနှင့် EOC တို့မှ Situation Report ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ စိစစ်သုံးသပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရပါမည်။ |

| ဃ-၇။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | **၄၈-၇၂ နာရီ**<br>၇-၁၅ ထပ်မံရရှိလာသည့် သတင်းအချက်အလက်များအား စုစည်းသုံးသပ်အတည်ပြုကာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးရုံးမှတစ်ဆင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ နေ့စဉ်တင်ပြပါမည်။<br>၇-၁၆ ရရှိသည့် သတင်းအချက်အလက်များအား computer-based database ဖြင့် စုစည်းထားရှိပါမည်။<br>၇-၁၇ အမျိုးသားကော်မတီ အတွင်းရေးမှူးရုံးနှင့် EOC တို့မှ Situation Report ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ စိစစ်သုံးသပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရပါမည်။ |
| | **၇၂နာရီ- ၇ ရက်**<br>၇-၁၈ ထပ်မံရရှိလာသည့် သတင်းအချက်အလက်များအား စုစည်းသုံးသပ်အတည်ပြုကာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးရုံးမှတစ်ဆင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ နေ့စဉ်တင်ပြပါမည်။<br>၇-၁၉ ရရှိသည့် သတင်းအချက်အလက်များအား computer-based database ဖြင့် စုစည်းထားရှိပါမည်။ ရက်သတ္တပတ်အတွင်း ရရှိသော ပျက်စီးဆုံးရှုံးမှုစာရင်းချုပ် ထုတ်ပြန်ပါမည်။<br>၇-၂၀ အမျိုးသားကော်မတီ အတွင်းရေးမှူးရုံးနှင့် EOC တို့မှ Situation Report ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ စိစစ်သုံးသပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရပါမည်။<br>၇-၂၁ သဘာဝဘေးကျရောက်ပြီးနောက် ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် လိုအပ်ချက်များ အကဲဖြတ်ဆန်းစစ်ချက် (PDNA) ဆောင်ရွက်ရန် သင့်တော်သော အချိန်ကိုသတ်မှတ်ပါမည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတင် ညှိနှိုင်းဆွေးနွေးရပါမည်။<br>၇-၂၂ သဘာဝဘေးကျရောက်ပြီးနောက် ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် လိုအပ်ချက်များအကဲဖြတ်ဆန်းစစ်ချက် (PDNA)ဆောင်ရွက်ရန် နိုင်ငံတကာအကူအညီ လိုအပ်ပါက အမျိုး သားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးမှတစ်ဆင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြပါမည်။<br>၇-၂၃ ကြိုတင်သတ်မှတ်ထားသော PDNA လုပ်ငန်းစဉ် နှင့် အစီအမံများ စတင် ရေးဆွဲပြင်ဆင်ရပါမည်။ |

ဃ-၈။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။<br>**ဒုဥက္ကဋ္ဌ**<br>ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန။<br>**အဖွဲ့ဝင်များ**<br>(၁) အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။<br>(၂) ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန။<br>(၃) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။<br>(၄) ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန။<br>(၅) ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန။<br>(၆) ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး<br>**အတွင်းရေးမှူး**<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန။ | ၈-၁ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌသည် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>၈-၂ လုပ်ငန်းကော်မတီအသီးသီးအတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းရေးဆွဲရပါမည်။<br>၈-၃ ဘေးအန္တရာယ်ကျရောက်သောဒေသတွင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးမှ လိုအပ်သောရန်ပုံငွေ လိုအပ်ချက်များနှင့် မည်သည့်ရန်ပုံငွေမှ ကျခံသုံးစွဲမည်ကို သုံးသပ်စိစစ်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အတည်ပြုချက်ရယူရန် တင်ပြပါမည်။<br>၈-၄ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အတည်ပြုသော ရန်ပုံငွေများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအရ သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးအား စနစ်တကျ အချိန်မီ ထုတ်ပေးပါမည်။<br>၈-၅ လုပ်ငန်းကော်မတီတစ်ရပ်ရပ်မှ အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ရန် ရန်ပုံငွေထပ်မံလိုအပ်ပါသည်ဟု တင်ပြလာပါက အဆိုပါတင်ပြချက်အား သုံးသပ်စိစစ်၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ခွင့်ပြုချက် ရယူနိုင်ရန် ထပ်ဆင့်တင်ပြခြင်းအား ဆောင်ရွက်ပါမည်။<br>၈-၆ လုပ်ငန်းကော်မတီများမှ အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများအား သုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ကွပ်ကဲနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီး၏ ရန်ပုံငွေများ ရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများပါဝင်သော အစီရင်ခံစာများအား ရယူအကဲဖြတ် သုံးသပ်ပါမည်။<br>၈-၇ ထိုသို့ အကဲဖြတ်သုံးသပ်ရာတွင်ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်အား ရယူပါမည်။<br>၈-၈ အဆိုပါအစီရင်ခံစာများအားအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပါမည်။<br>၈-၉ ပြည်တွင်းပြည်ပမှ ငွေကြေးထောက်ပံ့မှု ကိန်းဂဏန်း အချက်အလက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီထံမှ ရယူစာရင်းပြုစု၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပါမည်။ |

| ဃ-၈။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၈-၁၀ ဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း ရန်ပုံငွေလိုအပ်ချက်များ၊ ငွေကြေးအထောက်အပံ့ ရရှိမှုများနှင့် ပြန်လည်ခွဲ ဝေပေးမှုများအား အချိန်နှင့်တစ်ပြေးညီ စာရင်းပြုစုကာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပါမည်။<br>၈-၁၁ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးစီ သတ်မှတ်ထားပေးပါမည်။ |

| ဃ-၉။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| **ဥက္ကဋ္ဌ**<br>ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန။<br><br>**အဖွဲ့ဝင်များ**<br>(၁) အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန။<br>(၂) အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန<br>(၃) အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။<br>(၄) အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။<br>(၅) အမြဲတမ်းအတွင်းဝန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။<br>(၆) အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။<br>(၇) ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန။<br>(၈) ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန။<br>(၉) ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန။<br>(၁၀) ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန။ | ၉-၁ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အရေးပေါ်ကူညီထောက်ပံ့မှုများပေးရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်း၍ အချက်အလက်များ ပြုစုပေးလျက် နိုင်ငံတကာရှိ အစိုးရများ၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အမြန်ဆုံး အကြောင်းကြားလျက် ကူညီတောင်းခံမှုကို မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် လည်းကောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဂျကာတာမြို့တွင် ရုံးစိုက်သည့် AHA center နှင့်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ရယူဆောင်ရွက်သွားပါမည်။<br>၉-၂ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ အဆင့်မြင့်အရာရှိတစ်ဦးကို နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရေးအာဏာပိုင်အဖြစ် ခန့်အပ်ရပါမည်။<br>၉-၃ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်ပါက နိုင်ငံတကာအစိုးရ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ဖိတ်ကြား၍ Pledging Conference ကျင်းပနိုင်ရေး ဆောင်ရွက်ပါမည်။<br>၉-၄ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးနှင့် အရန် တစ်ဦးသတ်မှတ်ထားပေးပါမည်။<br>၉-၅ လုပ်ငန်းကော်မတီမှ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။<br>၉-၆ မြန်မာသံရုံးများ၊ အမြဲတမ်းကိုယ်စားလှယ်ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး စသည်တို့အား ဘေးအန္တရာယ်ကျရောက်မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်၍ ပေးပို့ပါမည်။<br>၉-၇ နိုင်ငံတကာသဘောတူညီချက်များအရ ဘေးအန္တရာယ်ကျရောက်သည့် အရေးပေါ်အခြေအနေတွင် အကူအညီပေးရန် လာရောက်မည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများ (ဥပမာ-တရုတ်၊ ဂျပန်၊ ထိုင်းစသည်) မှ အကူအညီပေးရန် ကမ်းလှမ်းမှုများအတွက် ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ၏ ဦးဆောင်ညှိနှိုင်းမှုအောက်တွင် အမြန်ဆုံးထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ |

| ယ-၉။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| **အတွင်းရေးမှူး**<br>အမြဲတမ်းအတွင်းဝန်၊<br>နိုင်ငံခြားရေးဝန်ကြီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် စီးပွားရေးဦးစီးဌာန။ | ၉-၈ ပြည်ပနိုင်ငံများမှ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ ပါဝင်၍ လည်းကောင်း၊ စစ်ဘက်သုံး ယာဉ်/ယန္တရားများ အသုံးပြု၍ လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အကူအညီများ ကမ်းလှမ်းလာနိုင်သဖြင့် ယင်းအချက်နှင့် စပ်လျဉ်း၍ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော မူဝါဒကို ချမှတ်ထားသင့်ပါသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ကြိုတင်ညှိနှိုင်း၍ ချမှတ်ထားသင့်ပါသည်။ |
| | ၉-၉ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အတည်ပြုချက်ရပြီးနောက် နိုင်ငံတကာမှ အကူအညီပေးရန် လာရောက်မည့်သူများအား ပြည်ဝင်ခွင့်ရရှိစေရန် ကူညီဆောင်ရွက်ပေးပါမည်။ |
| | ၉-၁၀ ပြည်ဝင်ခွင့်ရရှိပြီးနောက် နိုင်ငံအတွင်း ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိအောင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသို့ ရည်ညွှန်းအကြောင်းကြားပါမည်။ |
| | ၉-၁၁ နိုင်ငံအတွင်း အကူအညီပေးရန် လာရောက်သူများအား စာရင်းပြုစုထားခြင်းနှင့် အဆိုပါအဖွဲ့အစည်းများ၏ တာဝန်ခံများ သတ်မှတ်ထားခြင်းများ ဆောင်ရွက်ပါမည်။ |
| | ၉-၁၂ နိုင်ငံအတွင်းသို့ သယ်ယူလာမည့် ထောက်ပံ့ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာ၊ ယာဉ်ယန္တရားများအား အခွန်ကောက်ခံခြင်းနှင့် စစ်ဆေးခြင်း၊ တားမြစ်ခြင်းများမှ ကင်းလွတ်ခွင့်ရစေရေးအတွက် ကြိုတင်သတ်မှတ်ထားသော First Track လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးပါမည်။ |
| | ၉-၁၃ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်းပြီး နိုင်ငံတကာမှ အကူအညီပေးရန် လာရောက်မည့်သူများအား အဆက်အသွယ် ပြုလုပ်နိုင်ရန်၊ ထောက်ပံ့ရေးပစ္စည်းများ အတင်အချပြုလုပ် သယ်ယူမည့် နေရာများနှင့် လမ်းကြောင်းများ သိရှိနိုင်ရန် သတ်မှတ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ သိရှိစေရန် ထုတ်ပြန်ခြင်းများ ဆောင်ရွက်ပါမည်။ |
| | ၉-၁၄ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မော်တော်ယာဉ်၊ ရေယာဉ်များ၊ ဆက်သွယ်ရေးကိရိယာများ ယာယီတင်သွင်းလာခြင်းအတွက် စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အသုံးပြုခွင့်ရရှိစေရေး တည်ဆဲလုပ်ထုံးလုပ်နည်းများ၊ သို့မဟုတ် ကြိုတင်သတ်မှတ်ထားသော First Track လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |

| ဃ-၉။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | ၉-၁၅ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် ကောင်းကင်ဂြိုလ်တု စနစ်၊ အင်တာနက်စနစ်စသည်တို့အား အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ပါမည်။ |
| | ၉-၁၆ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ဆေးဝါးနှင့်ဆေးပစ္စည်းများ တင်သွင်းလာမှုအပေါ် အရည်အသွေး ကြီးကြပ်ခြင်း၊ စံချိန်စံညွှန်း ပြည့်မီစေခြင်း စသည်တို့အား စစ်ဆေးခြင်းများ ပြုလုပ်၍ တင်သွင်းနိုင်ရန် ဆောင်ရွက်ပါမည်။ |
| | ၉-၁၇ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့်ပူးပေါင်းညှိနှိုင်းပြီး နိုင်ငံတကာမှ bilateral, multi-lateral ထောက်ပံ့ပေးမှုများနှင့်ပတ်သက်၍ ဘဏ်စာရင်းဖွင့်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများအား ဆောင်ရွက်ပါမည်။ |
| | ၉-၁၈ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီမှ (၅) ရက်မှ (၇)ရက်အတွင်း Flash Appeal တင်သွင်းရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့်အတူ ပံ့ပိုးဆောင်ရွက်ပါသည်။ |
| | ၉-၁၉ သင့်လျော်သောအချိန်တွင်အရေးပေါ်ထောက်ပံ့ရေးအကူအညီများ ရပ်စဲရေးအတွက် သင့်လျော်သည့် ကြေညာချက်များ ထုတ်ပြန်ပေးပါမည်။ |
| | ၉-၂၀ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာမှ သတင်းအချက်အလက်တောင်းခံလာမှုများ၊ အကူအညီပေးရန် စတင်ကမ်းလှမ်းလာမှုများကို သက်ဆိုင်ရာ ကော်မတီများ (ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ) နှင့် ဆက်သွယ် ညှိနှိုင်းပြန်ကြားပေးပါမည်။ |
| | ၉-၂၁ အကူအညီပေးသော ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းတင်ကြောင်း အကြောင်းကြားပါမည်။ |

ဃ-၁၀။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| --- | --- |
| **ဥက္ကဋ္ဌ**<br>ပြည်ထောင်စုဝန်ကြီး၊<br>ဆောက်လုပ်ရေးဝန်ကြီးဌာန။<br>**ဒုတိယဥက္ကဋ္ဌ**<br>အမြဲတမ်းအတွင်းဝန်၊<br>ဆောက်လုပ်ရေးဝန်ကြီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။<br>(၂) ညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန<br>(၃) ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။<br>(၄) ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။<br>(၅) ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန<br>(၆) ညွှန်ကြားရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။<br>(၇) ညွှန်ကြားရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန။<br><br>**အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ဦးဆောင်ညွှန်ကြားရေးမှူး၊<br>ဆောက်လုပ်ရေးဝန်ကြီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | **ငလျင်လှုပ်ပြီးနောက် ၂၄ နာရီအတွင်း လုပ်ဆောင်ရန်**<br>၁၀-၁ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌသည် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဦးဆောင်ညွှန်ကြားသူအဖြစ် တာဝန်ယူဆောင်ရွက်ပါမည်။<br>၁၀-၂ ငလျင်ဒဏ်ကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးသွားသူများအတွက် ယာယီနေထိုင်နိုင်ရေးအတွက် ယာယီခိုလှုံရမည့် နေရာများအား သတ်မှတ်ပေးပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆောက်အအုံများ ခိုင်ခန့်မှုရှိစေရန်နှင့် နေထိုင်မည့် သူများအတွက် လုံခြုံမှုရှိစေရန် တတ်ကျွမ်းသော ပညာရှင်များထံမှ စစ်ဆေးအတည်ပြုချက် ရယူရပါမည်။)<br>၁၀-၃ ငလျင်ဒဏ်ကြောင့် ဆည်များ၊ တာတမံများ၊ ရေလှောင်တမံများ ပျက်စီးဆုံးရှုံးမှုများနှင့် နောက်ဆက်တွဲ ငလျင်များကြောင့် ပျက်စီးဆုံးရှုံးနိုင်သည့် အခြေအနေများအား စစ်ဆေး၍ စာရင်းပြုစုကာ လုပ်ငန်းကော်မတီမှ တစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသို့ တင်ပြပါမည်။<br>၁၀-၄ နောက်ဆက်တွဲ ငလျင်များကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုအခြေအနေကြောင့်လည်းကောင်း ငလျင်ဖြစ်ပေါ်သော ဒေသရှိ ဆည်များ၊တာတမံများ၊ရေလှောင်တမံများကျိုးပေါက်နိုင်ခြေရှိပါက အဆိုပါအခြေအနေကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲသို့ အလျင်အမြန် အကြောင်းကြားရပါမည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဌာနခွဲမှ တစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ (ရှာဖွေကယ်ဆယ်ရေး၊ လုံခြုံရေး၊ သတင်းနှင့် ပြန်ကြားရေး စသည်)သို့ အကြောင်းကြားပြီး ပြည်သူများဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနိုင်ရေး ညွှန်ကြားဆောင်ရွက်နိုင်စေရန် ဖြစ်သည်။<br>၁၀-၅ လုပ်ငန်းကော်မတီမှဆောင်ရွက်သော လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ရန်ပုံငွေလျာထားချက်ကို တွက်ချက်ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ပေးပို့ရမည်။<br>၁၀-၆ အခြားကော်မတီအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် focal တစ်ဦးစီ သတ်မှတ်ထားပါမည်။ |

| ဃ-၁၀။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ | |
|---|---|
| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
| | **၂၄-၄၈ နာရီ**<br>၁၀-၇ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြံ့ခိုင်မှုအား အောက်ဖော်ပြပါ ဦးစားပေးအဆင့်များအလိုက် စစ်ဆေးပါမည်။<br>(က) ဆေးရုံများ။<br>(ခ) ကျောင်းများ/ပညာရေးနှင့်သက်ဆိုင်သော အဆောက်အအုံများ။<br>(ဂ) ဌာနဆိုင်ရာ အဆောက်အအုံများ။<br>(ဃ) လူနေအိမ်များ။<br>၁၀-၈ စစ်ဆေးပြီးသော အဆောက်အအုံ အခြေအနေအား ကြိုတင်ပြင်ဆင်ထားသော အဆောက်အအုံစစ်ဆေးမှု လမ်းညွှန်ချက်တွင်ဖော်ပြထားသည့်အတိုင်း အဆောက်အအုံများ၏ မျက်နှာစာတွင် အများပြည်သူမြင်သာစေရန် အရောင်များဖြင့် သတ်မှတ်ထားခြင်း၊ ဆိုင်းဘုတ်များ ချိတ်ဆွဲထားခြင်းများ ပြုလုပ်ပါမည်။<br>၁၀-၉ လိုအပ်ပါက ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီအား ပျက်စီးသွားသော လမ်းများအား ယာယီပြင်ဆင်ခြင်း၊ အဆောက်အအုံ အပျက်အစီးများ ရှင်းလင်းခြင်းအတွက် လူအင်အား၊ စက်ယန္တရားဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။<br>၁၀-၁၀ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲနှင့် ပူးပေါင်းညှိနှိုင်းလျက် ယာယီခိုလှုံရေးစခန်းများ ဆောက်လုပ်ပေးရပါမည်။ |
| | **၄၈-၇၂ နာရီ**<br>၁၀-၁၁ လိုအပ်ပါက ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီအား အဆောက်အအုံ အပျက်အစီးများရှင်းလင်းခြင်းအတွက် လူအင်အား၊ စက်ယန္တရားဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။<br>၁၀-၁၂ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲနှင့် ပူးပေါင်းညှိနှိုင်းလျက် ယာယီခိုလှုံရေးစခန်းများ ဆောက်လုပ်ပေးရပါမည်။ |
| | **၇၂ နာရီ- ၇ ရက်**<br>၁၀-၁၃ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နိုင်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဌာနခွဲနှင့်လည်းကောင်း၊ အမျိုးသားအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့်လည်းကောင်း၊ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းတိုင်ပင် အစီအစဉ်များရေးဆွဲရပါမည်။ ဥပမာ- Cash for work for debris clearance. |

ဃ-၁၀။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ

| လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ | အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ |
|---|---|
| | ၁၀-၁၄ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ် ဖော်ထုတ်ရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းလျက် သဘာဝဘေးကျရောက်ပြီးနောက် ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် လိုအပ်ချက်များ အကဲဖြတ်ဆန်းစစ်ချက် ဆောင်ရွက်နိုင်ရေးလုပ်ငန်းအစီအစဉ်များ စတင်ရေးဆွဲရပါမည်။<br>၁၀-၁၅ သင့်လျော်သော အချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စတင်ညှိနှိုင်းဆောင်ရွက်ပါသည်။ |

# နောက်ဆက်တွဲ (ခ)

## အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ

(က) **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း။** ထိခိုက်ဒဏ်ရာ ရရှိသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရသူများအား ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ပို့ဆောင်ပေးခြင်း၊ အဆောက်အအုံပြိုကျခြင်းကြောင့် ပိတ်မိနေသူများအား ကယ်တင်ခြင်း။

(ခ) **လုံခြုံရေး။** အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဘေးသင့်သူများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ဘေးသင့်သူများ၏ ပိုင်ဆိုင်မှုများအား ခိုးယူ လုယက်မှုမရှိစေရန် စောင့်ရှောက်ပေးခြင်း၊ အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူအများ ဝင်ရောက်မှုမရှိစေခြင်း၊အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အနှောင့်အယှက်ဖြစ်စေနိုင်သည့် လူစုဝေးခြင်းများ မရှိစေရန် ဆောင်ရွက်ခြင်း။

(ဂ) **သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း။** အရေးပေါ်အခြေအနေနှင့်တကွတုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ပြည်တွင်း/ပြည်ပမှ သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ တရားဝင်လမ်းညွှန် ခွင့်ပြုချက်များအရ စဉ်ဆက်မပြတ် သတင်းပေးပို့ခြင်း၊ ငလျင်နှင့်သက်ဆိုင်သည့်ဆောင်ရန်ရှောင်ရန်များနှင့်နောက်ဆက်တွဲအကျိုးသက်ရောက်မှု များအား အများပြည်သူမှ သိရှိစေရန်အတွက် သင့်လျော်သည့် နည်းလမ်းများဖြင့် အသိပညာပေးခြင်း။

(ဃ) **ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း။** ဒဏ်ရာရရှိသူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၊ အခြားဒေသရှိ ဆေးရုံသို့ အရေးပေါ်ရွှေ့ပြောင်းရန် လိုအပ်သူများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူ များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သေဆုံးသူ ရုပ်အလောင်းများအား စနစ်တကျ စွန့်ပစ်ရန်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆေးဝါးများ လုံလောက်မှုမရှိပါက ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စိတ်ဒဏ်ရာရရှိသူများအား နှစ်သိမ့်ဆွေးနွေး ပေးခြင်း။

(င) **သယ်ယူပို့ဆောင်ရေးလုပ်ငန်း။** သယ်ယူပို့ဆောင်ရေးစနစ်နှင့် လမ်း၊တံတားစသည်တို့ ပျက်စီးမှု အခြေအနေ များအား စောင့်ကြည့်လေ့လာ တင်ပြခြင်းနှင့် အခြားအသုံးပြုနိုင်မည့် စနစ်နှင့် ယာယီအသုံးပြုနိုင်မည့် လမ်း ကြောင်းများအား သတ်မှတ်ပေးခြင်း၊ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ လိုအပ်ပါက ပျက်စီးသွားသော သယ်ယူပို့ဆောင်ရေးစနစ်များအား ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။

(စ) **ဆက်သွယ်ရေးလုပ်ငန်း။** ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပျက်စီးသွားပါက အစားထိုးစနစ်များ အသုံး ပြုနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေ သူများ လိုအပ်သည့် သတင်းအချက်အလက်များ (ဥပမာ ဘေးသင့်သူများ၏ လိုအပ်ချက်များ၊ အထူးကူညီ စောင့်ရှောက်မှု လိုအပ်သူရှိသည့် နေရာ၊ ထောက်ပံ့ရေးပစ္စည်း ဝေငှနေမှုအခြေအနေ စသည့်ဖြင့်) အား ပံ့ပိုး ပေးခြင်း။

(ဆ) **ထောက်ပံ့ရေးလုပ်ငန်း။** ဘေးသင့်သူများအတွက် လိုအပ်သည့် စားရေရိက္ခာအစရှိသည့် ထောက်ပံ့ရေးပစ္စည်း များ စီစဉ်ပို့ဆောင်ပေးခြင်း၊ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများ၊ စက်သုံးဆီ စသည်တို့အား ပံ့ပိုးပေးခြင်း၊ ဘေးသင့်သူများအတွက် အရေးပေါ်ခိုလှုံရာနေရာများ စီစဉ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုစခန်းများ စီစဉ်ပေးခြင်း။

(ဇ) **ပျက်စီးဆုံးရှုံးမှုအချက်အလက်များ ကောက်ယူရေးလုပ်ငန်း။** ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အခြေခံအဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုပေးသည့် စနစ်များ၏ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအား စာရင်းကောက်ယူခြင်း၊ အဆိုပါစာရင်းများအား စိစစ်ပြီးနောက် အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအား ဖြန့်ဝေခြင်း၊ လိုအပ်ပါက တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန်အတွက် လုပ်ငန်းကော်မတီ အသီးသီး၏ စီမံချက်များ အား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။

(ဆ) **မီးငြိမ်းသတ်ရေးလုပ်ငန်း။** ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲအနေဖြင့် နေအိမ်များ၊ စက်ရုံ အလုပ်ရုံများတွင် မီးလောင်ခြင်းဖြစ်ပေါ်နိုင်သဖြင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား အသင့်ရှိနေစေခြင်း။

**ဆက်သွယ်လိုပါက**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ရုံးအမှတ်-၂၃၊ နေပြည်တော်
၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇
email : ddmreliefsection@gmail.com, myanmareoc.rrd@gmail.com
www.moswrr.gov.mm, www.ddmmyanmar.gov.mm